# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-5-2026)၊ အတွဲ (၃၅)၊ အမှတ် (၀၂၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ကျောင်းအပ်နှံရေး သီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်မှ ၃၁-၅-၂၀၂၆ ရက်ထိ)

**"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"**

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1)သို့ အပ်နှံရန်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည်များကို သင်ခန်းစာယူ၍ ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်**

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ

FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

ရတနာပုံ
၂၀၂၆ ခုနှစ် မေ ၂၇ ရက်

အယ်ဒီတာ့အာဘော်

## မွေးမြူရေးဇုန်များအောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် စားရေရိက္ခာဖူလုံပေါများရေး

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားလာခြင်းနှင့်အမျှ စားနပ်ရိက္ခာလိုအပ်ချက်များလည်း တိုးမြင့်လာသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်လာသည်။ မွေးမြူရေးဇုန်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပါက အသား၊ နို့၊ ဥ စသည့် အာဟာရပြည့်ဝသော စားသောက်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ စားရေရိက္ခာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် မွေးမြူရေးဇုန်များသည် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည့်အပြင် ဒေသစီးပွားရေးကိုလည်း တိုးတက်စေမည်ဖြစ်သောကြောင့် မွေးမြူရေးဇုန်များအောင်မြင်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အနေနှင့် ပါဝင်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မေ ၂၄ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာတွင် **"တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိက္ခာဖူလုံပေါများစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း"** စသည်ဖြင့် မှာကြားခဲ့သည်။

မြန်မာနိုင်ငံရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသည် သိပ္ပံနည်းကျ ခေတ်မီမွေးမြူရေးစနစ်သို့ မလျှောက်လှမ်းနိုင်မီ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဦးစွာကျင့်သုံးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ခေတ်မီမွေးမြူရေးစနစ်သို့ သွားရမည်ဖြစ်သည်။ ခေတ်မီမွေးမြူရေးစနစ်ကို ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာများနှင့် စီမံခန့်ခွဲမှုများကို စနစ်တကျကျင့်သုံးကာ သွင်းအားစုအနည်းဆုံးနှင့် အထွက်နှုန်းအမြင့်ဆုံးရရှိရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ကြခြင်းဖြစ်သည်။ ခေတ်မီနည်းစနစ်ဖြင့် မွေးမြူခြင်းသည် အရည်အသွေးမြင့် အသားနှင့်ထုတ်ကုန်များကို အချိန်တိုအတွင်း အထွက်နှုန်း အများဆုံးရရှိစေကာ အမြတ်အစွန်းအများဆုံးရရှိနိုင်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။

ထို့ပြင် အစာစနစ်၊ ရေစနစ်တို့သည် စတင်မွေးမြူစဉ်ကတည်းကပင် စနစ်တကျဖြစ်ရန်လိုပြီး ဇီဝလုံခြုံမှုအတွက်လည်း စီမံဆောင်ရွက် သွားကြရမည်ဖြစ်သည်။ မွေးမြူရေးအစာများအတွက် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ် ကျွေးမွေးခြင်း၊ စားသုံးမှုဖူလုံအောင် မွေးမြူထုတ်လုပ်ပေးခြင်းဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျစေမည်လည်းဖြစ်သည်။ မွေးမြူရေးခြံများကို အပူချိန်နှင့် စိုထိုင်းဆများ ထိန်းညှိပေးခြင်း၊ လေဝင်လေထွက် ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စုဆောင်း၍ သဘာဝမြေဩဇာ၊ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း စသည့်နည်းလမ်းများဖြင့် ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပေးကြရန်လိုသည်။

သို့ဖြစ်ပါ၍ စားရေရိက္ခာဖူလုံရေးသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုဘဝတိုးတက်ကောင်းမွန်ရေးအတွက် အရေးပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိဖော်ဆောင်နေသော မွေးမြူရေးဇုန်များ အောင်မြင်ဖြစ်ထွန်းခြင်းအားဖြင့် ဈေးကွက်ဝယ်လိုအားကို ပြည့်မီအောင်ဖြည့်ဆည်း နိုင် မည်ဖြစ်သည့်အပြင် အသား၊ ငါးနှင့် ဥများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည်ဖြစ်သည့်အတွက် မွေးမြူရေးဇုန်များအောင်မြင်ရေးကို အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ မေ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ နှမ်းစိုက်ပျိုးခြင်းကို ယခုနှစ် ဇွန်လမှစတင်ပြီး စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီစားသုံးမှုဖူလုံစေဖို့၊ အထွက်နှုန်း တိုးတက်စေဖို့အတွက် ဆောင်ရွက်နေပါတယ်။ အရည်အသွေးကောင်းတဲ့ ဆီထွက်သီးနှံတွေ ရရှိစေဖို့ GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးသွားပါမယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီ၌ နှမ်းစိုက်တောင်သူများကို နှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရန်၊ စိုက်ခင်းများအတွင်း ပေါင်းမြက်များ ကင်းစင်စေရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့



**ကျိုက်လတ် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးမြွေထိုးခြောက်မျိုးစုံ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ငါးပိ၊ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးများကို အခြောက်လှန်းကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့်မတ်လက ငါးမြွေထိုးခြောက် ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလတစ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဧပြီလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေကို မှာယူတာများနေလို့ အရောင်းအဝယ် ကောင်းလာတာပါ။ အခုလို ငါးမြွေထိုးခြောက်တွေ အမှာကုန် များလာတာကြောင့် ငါးမြွေထိုးခြောက် လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေနေပါတယ်။ ငါးမြွေထိုးခြောက် တစ်ပိဿာကို ငွေကျပ် ၄၀၀၀၀ မှ ၅၅၀၀၀ ထိ ဈေးပေါက်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသန်းကပြောပြသည်။ **ကျော်ကျော်လင်း**

## မချမ်းဘော့မြို့နယ် မန်နိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မချမ်းဘော့ မေ ၂၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်နိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မေ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၁ ဒသမ ၂၇ သန်းဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မန်နိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၁၀ ဒသမ ၅၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၃ ဒသမ ၀၆ သန်းနှင့်အခြားလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သုံးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၁ ဒသမ ၂၇ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၁၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါက်ခေါင်းမြို့နယ် စမ်းကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါက်ခေါင်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စမ်းကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို မေ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်း နှင့်ဝန်ထမ်းများက စမ်းကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ခရိုင်ဦးစီးမှူးမှ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊အမြင့်ကိုးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ ကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ စမ်းကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည် ဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်း ထံမှ သိရသည်။

**သုတ**

# ခရမ်းမြို့နယ် အိုးဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ခရမ်း မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုးဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က အိုးဝကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ်သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အိုးဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၀ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈၅ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၄၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ဟုမ္မလင်း မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၄၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၉၇၄ ဧက၊ မိုပိုင်းလွတ်မြို့တွင် ၂၇၁ ဧက စုစုပေါင်း ၁၂၄၅ ဧကတို့ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ ဟင်းသီးဟင်းရွက် ၁၂၄၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ခရမ်းချဉ်သီး စတဲ့သီးနှံတွေ စိုက်ပျိုးသွားပါမယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးမယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ကန့်ဘလူမြို့နယ် ကမ်းဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကန့်ဘလူ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမ်းဖြူကျေးရွာအုပ်စု ကမ်းဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်နှင့်ဝန်ထမ်းများက တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကမ်းဖြူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၅ ဒသမ ၈၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၈ ဒသမ ၂၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း၊ အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ငွေကျပ် ၂၉ ဒသမ ၀၆၅ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**သန်းသန်းစိုး**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံနှင့်လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ချိုချိုလင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံများ ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်း ပဲလုပ်ငန်းများ လည်ပတ်အား ကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"လက်ရှိဈေးကွက်ထဲမှာ လက်ကျန်ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ကျုံပျော်မြို့နယ် ဒေသထွက်ကုန်သီးနှံတွေကို ဒေသပွဲရုံတွေကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကနေမှတစ်ဆင့် အခြားဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဧပြီလထဲမှာ ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံနှင့်လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ တင်ပို့ရောင်းချသည့် ပဲစင်းငုံ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပဲစင်းငုံများ တင်ပို့ရောင်းချရခြင်းကြောင့် ပဲစင်းငုံစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံနှင့်လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာများထဲက နားတောင်းများမင်း

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာစာပေ၏ဖွံ့ဖြိုးတိုးတက်လာမှု မူလအစကို ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများတွင် အထင်ရှားဆုံးတွေ့မြင်ရသည်။ ကျောက်စာများ ရေးထိုးသည့်ဓလေ့မတိုင်မီက အုတ်ခွက်စာနှင့် စဉ့်ကွင်းစာတချို့တွင် မြန်မာစာအရေးအသားကို တွေ့ရှိရသည်။

သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ရာဇကုမာရ်မင်းသား ရေးထိုးခဲ့သည့် ကျောက်စာသည် ပထမဆုံးသော မြန်မာစကားပြေ အရေးအသားဖြစ်သည်။ ရာဇကုမာရ် ကျောက်စာနောက်ပိုင်းတွင် နှစ် ၁၀၀ အတွင်း၌ မြန်မာစာပေအရေးအသားသည် ကောင်းစွာတိုးတက်ခဲ့သည်။ သက္ကရာဇ် ၆၀၃ ခုနှစ်သို့ရောက်သောအခါ မြန်မာစာအရေးအသားသည် ရှေးကထက်တိုးတက်ကောင်းမွန်လာကြောင်း ပါမောက္ခဦးဖေမောင်တင်က ရှင်ပင်ဗောဓိကျောက်စာကို ထောက်ပြခဲ့သည်။ ထိုကျောက်စာတွင် "သိခင် ညောင်ရမ်းကြီးသမီး မိမိအသက်နှင့်တူသော မျက်စေ့မျက်ဆန်နှင့်တူသော မိမိချစ်စွာသောလင်"ဟု ရေးသားထားခြင်းကို ထောက်ရှုခြင်းအားဖြင့် ဥပမာအခိုင်အနှိုင်းများကို ရေးသားနိုင်ပြီဖြစ်ကြောင်း ထင်ရှားခဲ့သည်။

ပုဂံခေတ်မှစ၍ မြန်မာဘာသာစကားဖြင့် ရေးထိုးသည့် ကျောက်စာများသည် ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့သည်။ ထိုကျောက်စာများကိုစုစည်း၍ ရှေးဟောင်းသုတေသန ဝန်ထောက်ဦးငြိမ်းမောင်က ရှေးဟောင်းမြန်မာကျောက်စာများကို လက်ရေးဖြင့် ရေးကူး၍ စာအုပ်များထုတ်ဝေခဲ့သည်။ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ် ငါးအုပ်နှင့် နောက်ဆက်တွဲစာအုပ်တွင် ကျောက်စာ ၇၇၉ ချပ်ကို ဖော်ပြခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ပြုစုသည့် အနယ်နယ်အရပ်ရပ်ရှိ မြန်မာကျောက်စာများစာစုစာရင်းတွင် ကျောက်စာအချပ် ၉၈၀ ကို ဖော်ပြထားသည်။ ထိုကျောက်စာများကို ပုဂံခေတ်၊ သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ရေးထိုးသည့် ရာဇကုမာရ်ကျောက်စာမှအစပြု၍ ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် ရေးထိုးသည့် အမရပူရမြို့ မဟာရတနာမဍ္ဍူ တိလောကစေတီ ကျောက်စာထိ ပါဝင်သည်။

ရာဇကုမာရ်ကျောက်စာကို ရာဇကုမာရ်မင်းသားကရေးထိုး၍ မဟာရတနာမဍ္ဍူတိလောကစေတီ ကျောက်စာကို အလောင်းမင်းတရားဦးအောင်ဇေယျ၏ သမီးတော်က ရေးထိုးခဲ့သည်။

**ကျောက်စာများထဲက ပုဂံဘုရင်များ**

ပုဂံမင်းဆက်တွင်ဘုရင်၅၅ပါးရှိခဲ့သည်ဟုလက်ခံထားကြသည်။ ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် မွန်နှင့် မြန်မာကျောက်စာများတွင် ပုဂံဘုရင်များ၏ အမည်များ ပါရှိလေ့ရှိသည်။ ကျောက်စာပါ ဘုရင်အမည်များသည် အနော်ရထာ(၁၀၄၄-၁၀၇၇) နှင့် နောက်ပိုင်းဘုရင်များက အများဆုံးဖြစ်သည်။

မှတ်တမ်းခိုင်မာသည့် ပုဂံဘုရင်များသည် အနော်ရထာမှ စောမွန်နှစ်(၁၃၂၅-၁၃၆၈)ထိ ၁၄ ပါး ဖြစ်သည်။ ထိုဘုရင်များသည် အနော်ရထာ (၁၀၄၄-၁၀၇၇)၊ စောလူး(၁၀၇၇-၁၀၈၄)၊ ကျန်စစ်သား (၁၀၈၄-၁၁၁၃)၊ အလောင်းစည်သူ(၁၁၁၃-၁၁၆၀)၊ နရသူ(၁၁၆၀-၁၁၆၅)၊ နရပတိစည်သူ(၁၁၆၅-၁၂၁၁)၊ နားတောင်းများ(၁၂၁၁-၁၂၃၀)၊ နရသိင်္ခဥဇ္ဇနာ (၁၂၃၀-၁၂၃၅)၊ ကျစွာ(၁၂၃၅-၁၂၄၉)၊ ဥဇနာ(၁၂၄၉-၁၂၅၆)၊ နရသီဟပတေ့(၁၂၅၆-၁၂၈၇)၊ ကျော်စွာ (၁၂၈၇-၁၂၉၈)၊ စောနစ်(၁၂၉၈-၁၃၂၅)၊ စောမွန်နှစ် (၁၃၂၅-၁၃၆၈) တို့ဖြစ်သည်။

ပုဂံဘုရင်များ၏ အမည်များကို ဘုရင်များကိုယ်တိုင် ရေးထိုးခဲ့သည့် ကျောက်စာများတွင်တွေ့ရှိရသကဲ့သို့ သားတော်၊ သမီးတော်၊ မှူးတော်၊ မတ်တော်များရေးထိုးသည့် ကျောက်စာများတွင်လည်း တွေ့ရှိရသည်။ ဆွေတော်မျိုးတော်များနှင့် မှူးမတ်များက မိမိတို့ဘုရင်အား ဦးထိပ်ပန်ဆင်ပုံကို မကြာခဏတွေ့ရှိရသည်။

ပုဂံဘုရင်တစ်ပါးစီသည် မိမိတို့ စွမ်းဆောင်မှုအလျောက် ထင်ရှားခဲ့ကြသည်။ သို့သော် ပုဂံခေတ်၏ နိုင်ငံရေးစနစ်သည် ဗဟိုချုပ်ကိုင်မှုကင်းကွာပြီး သူ့တစ်လူ ငါ့တစ်မင်းဖြစ်လာသည့် အတွင်းရန်နှင့် ပြည်ပကလာရောက်တိုက်ခဲ့သည့် အပြင်ရန်ကြောင့်



နားတောင်းများမင်းတည်ခဲ့သည့် ထီးလိုမင်းလိုဘုရား။

ဖြစ်ကြောင်း ပြည်ပသမိုင်းပညာရှင်တစ်ဦးက ဝေဖန်ခဲ့သည်။ သို့သော် ပုဂံဘုရင်များ၏ စွမ်းဆောင်မှု တချို့ကို ပုဂံကျောက်စာများတွင် မြင်တွေ့နိုင်သည်ဟု ဆိုချင်သည်။

**ပုဂံဘုရင် နားတောင်းများ**

နားတောင်းများမင်း၏အမည်သည် ဥဇ္ဇနာဖြစ်၍ မြင့်မြတ်သောကိုးကွယ်ရာပုဂ္ဂိုလ် (ဥစ္စနာထ)ဟု အဓိပ္ပာယ်ရသည်။ နားတောင်းများမင်းသည် ငယ်စဉ်မင်းသားဘဝတွင် နားတောင်းအမျိုးမျိုးကို လှပဆန်းကြယ်စွာဆင်ယင်လေ့ရှိသဖြင့် အမည်ရင်း ဥဇ္ဇနာအပြင် နားတောင်းများဟုလည်း အမည်တွင်ခဲ့သည်ဟု အဆိုရှိသည်။ သို့သော် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းကမူ ကျောက်စာတွင်ရေးသည့် နာတောင်မျာကို နားတောင်းများဟု အဖတ်မှားခဲ့ခြင်းဖြစ်သည်ဟု ဆိုထားသည်။

သက္ကရာဇ် ၅၇၈ ခုနှစ်တွင် ရေးထိုးသည့် နားတောင်းသိခင်ကျောက်စာတွင် နားတောင်းများမင်းကို နာတောင်သျှိုင်(နားတောင်းသခင်)ဟု ရေးထိုးထားကြောင်း တွေ့ရှိရသကဲ့သို့ သက္ကရာဇ် ၅၈၅ ခုနှစ်တွင်ရေးထိုးသည့် နားတောင်းများမင်းကြီး ကျောက်စာတွင်လည်း နတောင်မျာမင်ကြိ (နားတောင်းများမင်းကြီး)ဟု ရေးထိုးထားကြောင်း တွေ့ရှိရပေသည်။

နာတောင်သျှိုင်ဟူသည့်အမည်ကို သက္ကရာဇ် ၅၉၀ ပြည့်နှစ်တွင် ရေးထိုးသည့် စာသင်ဂူကျောက်စာ၊ သက္ကရာဇ် ၆၅၃ ခုနှစ်တွင်ရေးထိုးသည့် သခင်ရာစသူနှင့် အမိဖွားစောကျောက်စာတို့တွင် တွေ့ရှိရသည်။

နားတောင်းများမင်း ခေါ် ဥစ္စနာမင်း၏ ဘွဲ့အမည်သည် ဩိတြိဘုဝနာဒိတျာပဝရဓမ္မရာဇာ ဖြစ်သည်။ နားတောင်းများမင်း၏ မင်းသားဘဝက ဘွဲ့အမည်သည် ဖေယျာသိခ်ဖြစ်သည်။ မြန်မာရာဇဝင်ကျမ်းများတွင် နာတောင်မျာကို နားတောင်းများမင်းဟု ရေးသားဖော်ပြကြသည်။

နားတောင်းများမင်းသည် ပုဂံဘုရင်နရပတိစည်သူ(၁၁၆၅-၁၂၁၁)နှင့် မိဖုရားစောမြကန်တို့၏ သားတော်ဖြစ်၍ ၁၁၇၂ ခုနှစ် မတ် ၉ ရက်တွင် ဖွားမြင်ခဲ့သည်။ အမိကွဲ မောင်နှမများရှိသော်လည်း မွေးချင်းနှမတော်သည် အစစ်မင်းလှ တစ်ဦးသာရှိသည်။ အမိကွဲ နောင်တော်ညီတော်များအနက် ထင်ရှားသူများသည် ရာဇသူရ၊ ဂင်္ဂါသူရနှင့် ပျံချီဟူသည့် ညီအစ်ကိုသုံးပါး၊ အမိအမည်မသိရသည့်မင်းသားကြီးသိင်္ခြိ၊ မင်းသားသိင်္ခပိစည်းတို့ဖြစ်ကြသည်။

နားတောင်းများသည် ပုဂံဘုရင် နရသူ(၁၁၆၀-၁၁၆၅)၏ မြေးတော်ဖြစ်သကဲ့သို့ အလောင်းစည်သူမင်း (၁၁၁၃-၁၁၆၀) ၏ မြစ်တော်လည်းဖြစ်သည်။ အသက် ၃၉ နှစ်အရွယ်၊ ၁၂၁၁ ခုနှစ်တွင် ခမည်းတော် နရပတိစည်သူကိုဆက်ခံကာ ပုဂံဘုရင်ဖြစ်လာခဲ့သည်။

နားတောင်းများမင်းနန်းတက်ပြီးနောက် သိင်္ခပိစည်း၊ ပျံချီနှင့် သားတော်ကျစွာတို့က နားတောင်းများမင်းကိုပုန်ကန်သဖြင့် သိင်္ခပိစည်း၊ ပျံချီကို ကွပ်မျက်ခဲ့သည်။ သားတော်ကျစွာကိုမူ မကွပ်မျက်ခဲ့ပေ။ ရာဇသူရနှင့် ဂင်္ဂါသူရတို့သည် နားတောင်းများလက်ထက် သာမက ကျစွာမင်းလက်ထက်ထိ မင်းတိုင်ပင်အမတ်များအဖြစ် ထမ်းဆောင်ခဲ့ကြောင်း ဖေယျာသွတ်ကျောက်စာတွင် မင်ဖထုယ်ရာဇသူ၊ ကင်္ဂသူ (မင်းဘထွေးရာဇသူ၊ ဂင်္ဂါသူ)ဟု ဖော်ပြခဲ့သည်။

နားတောင်းများမင်း၏ မယ်တော်သည် တောင်နန်းစံမိဖုရားဖြစ်သဖြင့် တော်ဝင်နန်းဓလေ့မိဖုရားစဉ်အရ ပဋ္ဌမနေရာတွင်ရှိသည့် မိဖုရားဖြစ်သည်။ သို့သော် နားတောင်းများမင်းသည် ဝါစဉ်မြင့်သည့် အခြားမိဖုရားများ၏ သားတော်များကိုကျော်ကာ ပုဂံထီးနန်းကို ရရှိခဲ့သည်။ နားတောင်းများမင်း၏ ခမည်းတော် နရပတိစည်သူမင်းကြီးသည် သားတော် ငါးပါး၏ အလယ်၌ထီးဖြူစိုက်၍ မင်းပြုထိုက်သူသို့ ထီးဖြူညွတ်စေသတည်းဟု အဓိဋ္ဌာန်ပြုခဲ့ရာ ထီးဖြူက သားတော်အငယ် မင်းသားဖေယျာသိခ်သို့ ညွတ်သဖြင့် ပုဂံထီးနန်းကိုဆက်ခံခွင့်ရကာ ထီးလိုမင်းလိုမင်းဟု လည်းထင်ရှားခဲ့သည်။ ဖေယျာသိခ်သည် ဘုရင်ဖြစ်လာချိန်တွင် ခမည်းတော်၏ အဓိဋ္ဌာန်ထီးဖြူညွတ်သည့် အရပ်၌ စူဠာမုနိဘုရားသဏ္ဌာန် ထီးလိုမင်းလိုဘုရားကို တည်ခဲ့သည်။

နားတောင်းများမင်းသည် ဘေးတော် ကျန်စစ်သားမင်း၏ကနားတော်နေရာ၌ ပွတ်စေတီတစ်ဆူကို တည်ခဲ့ကြောင်း ရာဇဝင်ကျမ်းများတွင် ဖော်ပြထားရာ ထိုစေတီသည် ဖေယျပွတ်စေတီဟု ယူဆရသည်။ မင်းကြီးသည် စေတနာဘုရား၊ ကန်တော့ပလ္လင်နှင့် ဗောဓိစေတီတို့ကို တည်ခဲ့သော်လည်း ဖေယျပွတ်စေတီကိုတည်ခဲ့သည့် အထောက်အထားမှတ်တမ်းကို မတွေ့ရပေ။

**နားတောင်းများနှင့် ဖေယျာသွတ်ကျောက်စာ**

နားတောင်းများမင်းကို ပုဂံခေတ် ကျောက်စာများတွင် တွေ့ရှိရသည့်အနက် သက္ကရာဇ် ၅၇၃ ခုနှစ်တွင် ရေးထိုးသည့် ကံကုန်စခိသမီးကျောက်စာတွင် နားတောင်းများမင်းနန်းတက်သည့်ရက်ကို ရွှေတောင်တက်သောနေ့ကား တော်သလင်းလဆန်း ၁၀ ရက် ကြာသပတေးနေ့တည်းဟု ရေးထိုးထားသည်။

ဖေယျာသွတ်(ဖေယသွတ္တိ)သည် နားတောင်းများမင်း၏ အမတ်တစ်ဦးဖြစ်သည်။ ဖေယျာသွတ် ကျောက်စာသည် အမတ်ဖေယျာသွတ်က ဘုရင်ထံမှ ခွင့်ပြုချက်ရယူကာ သာသနာအတွက် မြေများလှူဒါန်းခဲ့သည့် မှတ်တမ်းကျောက်စာဖြစ်သည်။ ကျောက်စာပထမဆုံးစာကြောင်းတွင် သက္ကရာဇ် ၅၇၃ ခုနှစ် အာသိန်နှစ် တော်သလင်းလဆန်း ၁၀ ရက် ကြာသပတေးနေ့တွင် ဥစ္စနာမင်း ရွှေတောင်တက်၏ဟု ဥစ္စနာမင်းခေါ် နားတောင်းများမင်း၏ နန်းတက်ရက်ကို မှတ်တမ်းကမ္ပည်းတင်ထားသည်။

ပုဂံခေတ်တွင် မြေပိုင်ဆိုင်ကြသူများသည် တောမြေကိုရှင်း၍ဖြစ်စေ၊ မိဘထံမှ အမွေရ၍ဖြစ်စေ၊ မင်းကပေး၍ဖြစ်စေ၊ တရားနိုင်၍ဖြစ်စေ နည်းလမ်းအသွယ်သွယ်ဖြင့် မြေရှင်များဖြစ်လာခဲ့ကြသည်။ ထိုသူများသည် မြေရှင်ဟုဆိုသော်လည်း မြေကို အမှန်တကယ်ပိုင်ဆိုင်ခြင်းမရှိဘဲ မြေရှင်အစစ်သည် ဘုရင်သာဖြစ်သည်။ ဘုရင်က မြေရှင်များကို ထိုမြေတွင် သီးနှံစိုက်ပျိုးနိုင်သည့် အလုပ်လုပ်ကိုင်ခွင့်ကိုပေးထားခြင်းသာဖြစ်သည်။

ထို့ကြောင့် မြေရှင်များသည် မြေခွန်မြေခကို ဘုရင်ထံ နှစ်စဉ်ဆက်သွင်းကြရသည်။ မြေမှ တစ်နှစ်တာထွက်ရှိသည့် ကောက်ပဲသီးနှံကို ရာခိုင်နှုန်းသတ်မှတ်လျက် အခွန်အခအဖြစ် ပေးဆောင်ကြရသည်။ သို့သော် သာသနာ့မြေဆိုပါက ဘုရင့်ထံ အခွန်ပေးဆောင်ရခြင်းမရှိဘဲ သာသနာ့မြေမှ ထွက်ရှိသည့် ကောက်ပဲသီးနှံအတွက် အခွန်ရာခိုင်နှုန်းကို သာသနာ့မြေရှင် ရဟန်းကရရှိသည်။

ဘုရင်သည် သာသနာ့မြေမှ အခွန်အခမရဘဲဖြင့် မြေရှင်တစ်ဦးသည် သူ၏မြေကို သာသနာထံလှူဒါန်းလိုပါက ဘုရင်၏ခွင့်ပြုချက်ရရှိမှသာ လှူဒါန်းနိုင်သည်ဟု သတ်မှတ်ချက်ရှိသည်။

ထို့ကြောင့် အမတ်ဖေယျာသွတ်သည် ဘုရင့်ထံမှ ခွင့်ပန်ပြီး ဟင်ရုံပအက်အရပ်၌ ရှိသည့် မိမိ၏ မြေပယ် ၃၀၀ ကို သက္ကရာဇ် ၅၈၅ ခုနှစ် ပြာသိုလဆန်း ၇ ရက် (၁၂၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်) ကြာသပတေးနေ့တွင် သာသနာသို့ လှူဒါန်းခဲ့သည်။ ဖေယျာသွတ်သည် ထိုမြေတွင်လုပ်ကိုင်စားခွင့်ကို ဘုရင့်ထံမှရရှိထားပြီး ဖြစ်သော်လည်း သာသနာသို့ ပေးလှူနိုင်ရန် ပုဂံဘုရင် နားတောင်းများမင်းထံမှ ခွင့်ပြုချက်ယူခဲ့ရသည်။

ပုဂံခေတ်တွင် သာသနာသို့ မြေလှူလျှင် ဘုရင်ကိုယ်တိုင်ကြွရောက် ရေစက်ချခြင်းရှိသကဲ့သို့ ဘုရင်က တာဝန်ပေးသည့် အမတ်တစ်ဦးဦးက ဘုရင်ကိုယ်စား ရေစက်ချခြင်းလည်းရှိသည်။

စာမျက်နှာ ၅ သို့ ➡

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ကေ ၁၉၀၇၀ စိုက်ပျိုးမည်


ယခင်နှစ်က လျှော်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူကေ ၁၉၀၇၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၂၃၇ ကေ၊ ဘုတလင်မြို့နယ်တွင် ၂၅၉၅ ကေ၊အရာတော်မြို့နယ်တွင် ၁၅၆၈၃ ကေ၊ချောင်းဦးမြို့နယ်တွင် ၅၅၅ ကေ စုစုပေါင်း ကေ ၁၉၀၇၀ ဖြစ်ကြောင်း၊ အဆိုပါလျှော်ဖြူများကို ဇွန်လ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ လျှော်ဖြူကေ ၁၉၀၇၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ လျှော်ဖြူက မြေအမျိုးအစားမရွေး ပေါက်ရောက်တယ်။ အပူပိုင်းဒေသ သစ်တောပင်မျိုးလဲဖြစ်တယ်။ လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးပါမယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

လျှော်ဖြူစိုက် တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန်၊ လျှော်ဖြူများ တိုးချဲ့စိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

ဇေယျသွတ်၏သာသနာ့မြေအလှူအတွက်ပိုသူကြီးလေးဦးဖြစ်သည့် အမတ်သတျာ၊ အမတ်စင်ကြယ်၊ အမတ် ကြံမဖတ်နှင့် အမတ်သီရိက္ကန္ဒြပစ္စည်းတို့က အတက်စာရင်းတင်ကြောင်း ကျောက်စာတွင် မှတ်တမ်းရေးထိုးထားသည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ပိုသူကြီးသည် တရားသူကြီးဖြစ်ကြောင်းနှင့် အတက်စာရင်းသည် ယခုခေတ်တွင် မှတ်ပုံတင်ခြင်းကဲ့သို့ ဖြစ်နိုင်ကြောင်း ရှင်းလင်းရေးသားခဲ့သည်။

အမတ်ကြီး ဇေယျသွတ်၏ သာသနာ့မြေလှူပွဲသို့ နားတောင်းများ မင်းကိုယ်တိုင်မကြွရောက်ဘဲ ၎င်းကိုယ်စား အမတ်အနန္တရစ်က ဆောင်ရွက်ပေးခဲ့ကြောင်း ကျောက်စာတွင်ဖော်ပြထားသည်။

အမတ်ဇေယျသွတ်သည် နောက်လေးနှစ်အကြာ သက္ကရာဇ် ၅၈၉ ခုနှစ် တန်ခူးလဆန်း ၇ ရက်(၁၂၂၈ ခုနှစ် မတ် ၁၃ ရက်) အင်္ဂါနေ့တွင် ဟင်ရံပအက်အရပ်၌ရှိသည့် မြေပယ် ၄၅၀ ကို သာသနာသို့ လှူဒါန်းလိုကြောင်း ဘုရင့်ထံပန်ကြားခဲ့သည်။ ဘုရင်က "ဇေယျသွတ်ကားအသက်ကြီးလှ၏။(သို့သော်) သူငယ်နှင့်ထပ်တူ နေ့ညမရွေး အမှုတော်ကို ထမ်းဆဲဖြစ်သည်"ဟု ဆိုကာ ဇေယျသွတ်၏အလှူကို ခွင့်ပြုခဲ့သည်။

ဘုရင်၏ အမိန့်တော်ကို သိဃ်ရာဇာပိကြမ်က ဆောင်ရွက်၍ ပထမအကြိမ်မြေလှူစဉ်က အတက်စာရင်းတင်ခဲ့သည့် ပိုသူကြီး လေးဦးဖြစ်သည့် အမတ်သတျာ၊ အမတ်စင်ကြယ်၊ အမတ်ကြံမဖတ်နှင့် အမတ်သီရိက္ကန္ဒြပစ္စည်းတို့က အတက်စာရင်းတင်ခဲ့သည်။

နားတောင်းများအမည်ပါရှိသည့် ကျောက်စာများအနက် ဇေယျသွတ်ကျောက်စာသည် အလွန်ထင်ရှားသည်။

ပုဂံကျောက်စာများတွင် တွေ့ရှိရသည့် နားတောင်းများမင်း (၁၂၁၁-၁၂၃၁)သည် ပုဂံသမိုင်းတွင် ထီးလိုမင်းလိုမင်းဟုလည်း အလွန်ထင်ရှားခဲ့သဖြင့် ပုဂံရှိ ထီးလိုမင်းလိုဘုရားသို့ရောက်ရှိတိုင်း နားတောင်းများမင်းနှင့်စပ်လျဉ်းသည့် အမှတ်ရဖွယ်များကို သတိရမိကြစေရန် ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ(ဦးငြိမ်းမောင်)**
- **တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ(ဒေါက်တာသန်းထွန်း)**
- **ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**
- **မြန်မာစာပေသမိုင်း(ပါမောက္ခဦးဖေမောင်တင်)**

## စက္ကန့်နှလုံးသား

\- နာရီဒိုင်ခွက် တချက်ချက်နှင့်
လက်တံသုံးခု စံထားပြုသော်
သူ့အရပ်က အရှည်ဆုံး
သူ့အရှိန်က အမြန်ဆုံး
သူ့ခရီးက အဝေးဆုံး။

\- သို့သော်ငြားတည့်
စကားလွယ်လွယ် လူတို့ဝယ်၌
ဘယ်နှနာရီ ထိုးနေပြီနည်း
မည်သူမေးမေး အဖြေပေးတော့
အရေးစုံစွာ သိစရာဟု
နာရီ မိနစ် ပါသည်ဖြစ်လည်း
လစ်လပ်မေ့ချန် စက္ကန့်တံ။

\- ဒိုင်ခွက်မှာကြည့် သူမြဲရှိလည်း
မသိသလို လူထိုထိုတို့
သူ့ကိုမေ့အား အလကားဟု
ချန်ထားစေမူ ပြစ်မယူတည့်
ငြူစူမရှိ ဘဝသို့
တိကျချိန်မှန် ပြသရန်တွက်
တာဝန်မပျင်း လှည့်ပတ်ရင်းသာ
သီချင်းချိုတေး တအေးအေး။
တချက်ချက်ညံ မြည်သံပေး။
စိတ်ဓာတ်ဖြူဖွေး စက္ကန့်လေး။ ။

**ချစ်စုအောင်**

# မြင်းခြံမြို့နယ် ကျွန်းဦးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြင်းခြံ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းဦးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံများက ကျွန်းဦးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကဏ္ဍအလိုက်ဖြည့်သွင်းရသည့် စီမံကိန်းငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ချေးငွေများအလေအလွင့်မဖြစ်စေရေးနှင့် စီမံကိန်းလုပ်ငန်းများ ရေရှည်အောင်မြင်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျွန်းဦးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို ရန်ပုံငွေကျပ် ၂၄ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

## နိုင်ငံတကာ သတင်းများ

# ကိယက်ဗ်မြို့ရှိ စစ်ရေးပစ်မှတ်များကို တိုက်ခိုက်မည်ဖြစ်ကြောင်း ရုရှားသတိပေး

**မော်စကို မေ ၂၆**

ရုရှားတပ်များ အနေဖြင့် ကိယက်ဗ်မြို့ရှိ ယူကရိန်းတပ်မတော်နှင့် ဆက်စပ်နေသော နေရာများကို တိုက်ခိုက်ရန်စီစဉ်ထားသည်ဖြစ်ရာ ကိယက်ဗ်မြို့ရှိ ပြည်ပနိုင်ငံသားများ ထွက်ခွာကြရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံအတွင်းရှိ အရပ်သားများကို ယူကရိန်းအစိုးရကတိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် ကိယက်ဗ်မြို့ရှိ စစ်ရေးပစ်မှတ်များကို ရုရှားတပ်များအနေဖြင့် စတင်တိုက်ခိုက်မည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကို အသိပေးထားကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မေ ၂၄ ရက်တွင် ရုရှားတပ်မတော်က ယူကရိန်းနိုင်ငံကို အော်ရက်ရှ်နစ်ခ်ဒုံးကျည်အပါအဝင် ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ပြင်းထန်စွာတိုက်ခိုက်ခဲ့ပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ယူကရိန်းတပ်မတော်က လူးဟန့်စ်ဒေသရှိ ကျောင်းသားဘော်ဒါဆောင်ကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ရုရှားတပ်မတော်က မေ ၂၄ ရက်တွင် ယူကရိန်းကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကျောင်းသားဘော်ဒါဆောင် တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံသည် ယူကရိန်းစစ်ရေးပဋိပက္ခကာလတစ်လျှောက် တတိယအကြိမ်အဖြစ် အော်ရက်ရှ်နစ်ခ် အသံထက်မြန်နှုန်းလွန်ဒုံးကျည်စနစ်ကို အသုံးပြုခဲ့သည်။

လူးဟန့်စ်ဒေသသည် ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက် ရုရှားနိုင်ငံက ထိန်းချုပ်ထားသည့် ယူကရိန်းအရှေ့ပိုင်း ဒေသဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဘယ်လ်ဂျီယံ၌ ကျောင်းကားတစ်စီးကို ရထားဝင်တိုက်၊ လူလေးဦးသေဆုံး

**ဘရပ်ဆဲလ် မေ ၂၆**

ဘယ်လ်ဂျီယံနိုင်ငံ ဘက်ဂျင်ဟော့မြို့အနီး၌ ယနေ့တွင် ကျောင်းကားတစ်စီးကို ရထားတစ်စင်းက ဝင်တိုက်ခဲ့ရာ ဆယ်ကျော်သက် နှစ်ဦးအပါအဝင် လူလေးဦးသေဆုံးခဲ့ကြောင်း ဘယ်လ်ဂျီယံမီဒီယာများက သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ရထားနှင့် ကျောင်းကားဝင်တိုက်မှုဖြစ်စဉ်သည် ဘက်ဂျင်ဟော့မြို့အနီး မီးရထားလမ်းကူးတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘယ်လ်ဂျီယံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရထားနှင့် ကျောင်းကားဝင်တိုက်မှုဖြစ်စဉ်အတွင်း လူနှစ်ဦးလည်း ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ဘယ်လ်ဂျီယံတာဝန်ရှိသူများက ပြောကြားထားသည်။

မြို့ငယ်များနှင့် ကျေးရွာများကို ရထားလမ်းများနှင့် ချိတ်ဆက်ပေးထားသော ဘယ်လ်ဂျီယံနိုင်ငံတွင် ရထားလမ်းကူးနေရာများ၌ မတော်တဆမှုများဖြစ်ပေါ်လေ့ရှိသည်။

လက်ရှိတွင် ရထားနှင့်ကျောင်းကားဝင်တိုက်မှုဖြစ်စဉ် အကြောင်းရင်းကို ဘယ်လ်ဂျီယံတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# နှစ်နိုင်ငံ ပူးတွဲစီးပွားရေးစင်္ကြံလမ်းမြှင့်တင်တည်ဆောက်ရေး တရုတ်နှင့်ပါကစ္စတန် သဘောတူ



**ပေကျင်း မေ ၂၆**

နှစ်နိုင်ငံ ပူးတွဲစီးပွားရေးစင်္ကြံလမ်း အကောင်အထည်ဖော်ရေး၊ ဂွါဒါဆိပ်ကမ်းကို ဒေသတွင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်း ဗဟိုချက်အဖြစ် ပြောင်းလဲတည်ဆောက်ရေးတို့အတွက် မဟာဗျူဟာမြောက် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် တရုတ်နှင့်ပါကစ္စတန်တို့က သဘောတူညီချက်တစ်ရပ် ရယူထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်ကို ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်၏ လေးရက်ကြာတရုတ်နိုင်ငံခရီးစဉ်အတွင်း ရယူခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှရစ်ဖ်သည် တရုတ်ခရီးစဉ်နောက်ဆုံးရက်ဖြစ်သည့် မေ ၂၅ ရက်တွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ပါကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အနေဖြင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံကို အရည်အသွေးပြည့်ဝစွာတည်ဆောက်အကောင်အထည်ဖော်ရန် သဘောတူထားကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်နှင့် တရုတ်ခေါင်းဆောင်များတွေ့ဆုံခဲ့ပြီးနောက် ထုတ်ပြန်ထားသော သဘောတူညီချက်၌ ဖော်ပြထားသည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံ ဂွါဒါဆိပ်ကမ်းကိုလည်း ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးဗဟိုချက်အဖြစ် ပြောင်းလဲရန် တရုတ်နှင့်ပါကစ္စတန်တို့က သဘောတူထားသည်။

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံနှင့် ဂွါဒါပင်လယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများသည် တရုတ်အစိုးရ၏ရပ်ဝန်းနှင့်လမ်းအစီအစဉ်၌ ဦးစားပေးစီမံကိန်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တာတိုပစ်ဒုံးကျည်စမ်းသပ်မှု မြောက်ကိုရီးယားပြုလုပ်

**ပြုံယမ်း မေ ၂၆**



မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် တာတိုပစ်ဒုံးကျည်တစ်စင်းအပါအဝင် လက်နက်များကို အနောက်ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင် အတွင်းသို့ ပစ်လွှတ် စမ်းသပ်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် လက်နက်သစ်များကို မြောက်ပြွန်ဂန်းပြည်နယ် ချုံဂျူးမြို့အနီးမှ တစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရုံးက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့သော လက်နက်များအနက် တာတိုပစ်ဒုံးကျည်မှာ ကီလိုမီတာ ၈၀ (၄၉ ဒသမ ၇ မိုင်)ထိရောက်ရှိခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်ပစ်လွှတ်မှုသည် ပြီးခဲ့သည့် ဧပြီ ၁၉ ရက်နောက်ပိုင်း မြောက်ကိုရီးယားနိုင်ငံကပြုလုပ်ခဲ့သည့် ပထမဆုံး ဒုံးကျည် ပစ်ခတ်စမ်းသပ်မှုဖြစ်သည်။

ပြီးခဲ့သည့် ဧပြီလအစောပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံသည် ဖုံးပဒေသာ ထိပ်ဖူးတပ်ဆင်ထားသည့်ဘလစ်စတစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံ၏ နျူကလီးယားလက်နက်အစီအစဉ်နှင့် ဒုံးကျည်အစီအစဉ်များကို ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်မှစ၍ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ထားသော်လည်း မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်စနစ်အမျိုးမျိုးကို တည်ဆောက် စမ်းသပ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီရန်တောင်ပိုင်းရှိ စစ်ရေးပစ်မှတ်များကို အမေရိကန်တပ်မတော် တိုက်ခိုက်

**ဝါရှင်တန် မေ ၂၆**

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကျင်းပနေသည့်တိုင် အမေရိကန်တပ်မတော်က မေ ၂၅ ရက်တွင် အီရန်တောင်ပိုင်းရှိ စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သုံးလကြာ အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးသဘောတူညီချက်တစ်ရပ်ရယူရေးအတွက် ကာတာခေါင်းဆောင်များနှင့်ဆွေးနွေးရန် အီရန်အစိုးရထိပ်တန်းတာဝန်ရှိသူများ ကာတာနိုင်ငံ ဒိုဟာမြို့သို့ ရောက်ရှိနေချိန်တွင် အမေရိကန်တပ်မတော်က အီရန်တောင်ပိုင်းရှိ စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်း ဒေသရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရန်စစ်ရေးခြိမ်းခြောက်မှုများမှ ကာကွယ်ရေးအတွက် အီရန်တောင်ပိုင်းစစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန်တပ်မတော်အနေဖြင့် မေ ၂၅ ရက်တွင် အီရန်တောင်ပိုင်းရှိ ဒုံးကျည်စခန်းများနှင့် ရေမြုပ်မိုင်းများချနေသော သင်္ဘောများကို တိုက်ခိုက်ခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူချက်ရှိထားမှုကြောင့် မိမိတို့အနေဖြင့် မေ ၂၅ ရက်တွင် တိုက်ခိုက်မှုများ ထိန်းထိန်းသိမ်းသိမ်း ပြုလုပ်ခဲ့ကြောင်း အမေရိကန်တပ်မတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

အမေရိကန်နှင့် အီရန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုးတက်မှုများရှိနေသော်လည်း အီရန်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရယူမှု မရှိသေးပါက စစ်ရေးအရ တိုက်ခိုက်မှုများနှင့် ထပ်မံရင်ဆိုင်ရမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၂၅ ရက်တွင် သတိပေးပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို လွှတ်တင်



**ဝါရှင်တန် မေ ၂၆**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို မေ ၂၅ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသ စခန်းမှတစ်ဆင့် ဖယ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်ကွန်- ၉ ဒုံးပျံသည် စတားလင့်ခ်ဂြိုဟ်တုသစ် ၂၉ စင်းကို သတ်မှတ် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု မစ်ရှင်သည် ယခုနှစ်အတွင်း ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၃၅ ကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့် အကြာတွင် ဖယ်ကွန်-၉ ၏ ပထမ အဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲ ရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် မေ ၂၉ ရက်တွင်လည်း ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် စတားလင့်ခ်ဂြိုဟ်တုများ ထပ်မံ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## နေမှ ၁၉ ရက်ဆက်တိုက် ထုတ်လွှတ်ခဲ့သည့် ရေဒီယိုလှိုင်းများကို အာကာသယာဉ်များက ထောက်လှမ်းတွေ့ရှိခဲ့

**ဝါရှင်တန် မေ ၂၆**

နေမှ ၁၉ ရက်ဆက်တိုက် ထုတ်လွှတ်ခဲ့သည့် ရေဒီယိုလှိုင်းများကို အာကာသယာဉ်များက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း မေ ၂၅ ရက် သတင်းများအရ သိရသည်။

အထက်ပါ ရေဒီယိုလှိုင်းထုတ်လွှတ်မှုဖြစ်စဉ်သည် ၂၀၂၅ ခုနှစ် ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၉ ရက်ထိ ၁၉ ရက် ကြာမြင့်ခဲ့ရာ နေ၏ အချိန်အကြာမြင့်ဆုံး ရေဒီယိုလှိုင်း ထုတ်လွှတ်မှုဖြစ်စဉ်ထိ စံချိန်တင်ထားသည်။

၎င်းရေဒီယိုလှိုင်းများ ထုတ်လွှတ်မှုဖြစ်စဉ်ကို ဥရောပအာကာသအေဂျင်စီ၏ Solar Orbiter အာကာသယာဉ်က ၂၀၂၅ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် စတင် ထောက်လှမ်းတွေ့ရှိခဲ့သည်။

သို့ရာတွင် အထက်ပါရေဒီယိုလှိုင်း ထုတ်လွှတ်မှုဖြစ်စဉ်ကိုပင် နောင် ၁၂ ရက်အကြာတွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)၏ Parker နေလေ့လာရေး အာကာသယာဉ်က ထပ်မံမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။



အထက်ပါ နေ၏ရေဒီယိုလှိုင်း ထုတ်လွှတ်မှုဖြစ်စဉ်မှာ အချိန်ကာလအားဖြင့် ၁၉ ရက် ကြာမြင့်ခဲ့ရာ ယခင်မှတ်တမ်းတင်ပြီးသော ဖြစ်စဉ်များထက် လေးဆပိုမိုကြာမြင့်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ယခင် အချိန်အကြာမြင့်ဆုံး နေ၏ ရေဒီယိုစွမ်းအင်ထုတ်လွှတ်မှုဖြစ်စဉ်အဖြစ် သတ်မှတ်ခံထားရသောဖြစ်စဉ်မှာ ငါးရက်သာကြာမြင့်ခဲ့သည်။

Ref : Russia Today
Trs : KKO

## ရှန်ကျိုး-၂၃ အာကာသယာဉ်မှူးများက တီယန်ကောင်းအာကာသစခန်းယာဉ်အတွင်း ဝင်ရောက်

**ပေကျင်း မေ ၂၆**

ရှန်ကျိုး-၂၃ အာကာသယာဉ်မှူး သုံးဦးတို့သည် တီယန်ကောင်း အာကာသစခန်းယာဉ် အတွင်းသို့ မေ ၂၅ ရက် ညနေပိုင်းတွင် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၂၃ အာကာသယာဉ်မှူးများသည် တီယန်ကောင်းအာကာသစခန်းယာဉ်အတွင်း ဝင်ရောက်ခဲ့ပြီးနောက် ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများထံမှ အာကာသစခန်း ယာဉ်လုပ်ငန်းတာဝန်များကို စတင် လွှဲပြောင်းရယူမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှန်ကျိုး-၂၃ အာကာသလူသယ်ယာဉ်ကို မေ ၂၄ ရက်တွင် လောင်းမတ်ချ်-၂ အေ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ရှန်ကျိုး-၂၃ အာကာသလူသယ်ယာဉ်သည် မေ ၂၅ ရက်တွင် တီယန်ကောင်း အာကာသစခန်းယာဉ်နှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သည်။

ရှန်ကျိုး-၂၃ အာကာသယာဉ်မှူး သုံးဦးတို့သည် တီယန်ကောင်း အာကာသ စခန်းယာဉ်ပေါ်၌ တာဝန် ထမ်းဆောင်စဉ်အတွင်း သိပ္ပံပညာစမ်းသပ်မှုပေါင်း ၁၀၀ ကျော်ထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တီယန်ကောင်းအာကာသစခန်းယာဉ်ပေါ်၌ ခြောက်လကြာတာဝန်ထမ်းဆောင်ခဲ့သော ရှန်ကျိုး-၂၁ အာကာသယာဉ်မှူး သုံးဦးမှာ ယခုလကုန်ပိုင်းတွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## လူတစ်ဦးပိုင်ဆိုင်ထားသည့် သွေးအုပ်စုအမျိုးအစားနှင့် လေဖြတ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိနိုင်

**နယူးယောက် မေ ၂၆**

လူတစ်ဦး ပိုင်ဆိုင်ထားသော သွေးအုပ်စု အမျိုးအစားနှင့် လေဖြတ်နိုင်ခြေတို့ကြား ဆက်စပ်မှု ရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မေ ၂၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မေရီလန်း တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အေသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများသည် အသက် ၆၀ မပြည့်မီ လေဖြတ်နိုင်ခြေ ၁၆ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် ဘီသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများသည် အခြားသွေးအုပ်စုများပိုင်ဆိုင်ထားသူများထက် လေဖြတ်နိုင်ခြေ ၁၁ ရာခိုင်နှုန်းပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အို-၁ သွေးအုပ်စု ပိုင်ဆိုင်ထားသူများကမူ အခြားသွေးအုပ်စုများ ပိုင်ဆိုင်ထားသူများထက် လေဖြတ်နိုင်ခြေ ၁၁ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း၊ အေသွေးအုပ်စု ပိုင်ဆိုင်ထားသူများ၌ အဘယ်ကြောင့်လေဖြတ်နိုင်ခြေ မြင့်မားနေတတ်သည်ကို မိမိတို့အနေဖြင့် ရှင်းပြနိုင်မှုမရှိသေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၅၉ နှစ်အကြားရှိသည့် လူပေါင်း ၆၀၀၀၀၀ ကျော်တို့၏ မျိုးဗီဇ အချက်အလက်များကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ကမ္ဘာတစ်ဝန်း ကင်ဆာရောဂါဖြစ်ပွားမှုများ၏ သုံးပုံတစ်ပုံကျော်မှာ ကြိုတင်ကာကွယ်နိုင်သည့် ရောဂါများဖြစ်

**ဂျီနီဗာ မေ ၂၆**

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကင်ဆာရောဂါဖြစ်ပွားမှုများ၏ သုံးပုံတစ်ပုံကျော်မှာ ကြိုတင်ကာကွယ်နိုင်သော ရောဂါများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အဆိုကို ကိုးကား၍ မေ ၂၅ ရက် သတင်းများအရ သိရသည်။


WHO ၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၂ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ကင်ဆာရောဂါ ဖြစ်စဉ်သစ်ပေါင်း ၁၉ သန်းခန့်ရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ကင်ဆာရောဂါဖြစ်စဉ်သစ် ၁၉ သန်းခန့်အနက် ၃၈ ရာခိုင်နှုန်းမှာ ပြုပြင်ပြောင်းလဲ၍ ရနိုင်သော ရောဂါနောက်ခံအကြောင်းတရားများနှင့်ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပြုပြင်ပြောင်းလဲ၍ ရနိုင်သည့် ကင်ဆာရောဂါနောက်ခံအကြောင်းတရားများထဲတွင် ဆေးလိပ်သောက်သုံးမှု၊ အရက်သောက်သုံးမှု၊ ကိုယ်အလေးချိန်လွန်ကဲမှု၊ လေ့ကျင့်ခန်းမပြုလုပ်မှု၊ လေထုညစ်ညမ်းမှု၊ ဆေးရွက်ကြီး စားသုံးမှု စသည်တို့ပါဝင်ကြောင်း (WHO) ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရသည်။

ကင်ဆာရောဂါဖြစ်ပွားမှုများနှင့်ပတ်သက်နေသည့် နံပါတ်-၁ နောက်ခံအကြောင်းတရားမှာ ဆေးလိပ် သောက်သုံးမှုဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကင်ဆာရောဂါဖြစ်ပွားမှု ၁၅ ရာခိုင်နှုန်းနှင့်ဆက်စပ်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ဥရောပရွှေဖိနပ်ဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ တိုက်စစ်မှူး ဟယ်ရီကိန်း ဆွတ်ခူး

**ဘာလင် မေ ၂၆**

ယခုနှစ်ဘောလုံးရာသီ ဥရောပ သွင်းဂိုးအများဆုံး ဆုဖြစ်သည့် ဥရောပရွှေဖိနပ်ဆုကို ဘိုင်ယန်မြူးနစ် အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းက ဆွတ်ခူးခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဥရောပရွှေဖိနပ်ဆုကို ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ လိဂ်အဆင့် သတ်မှတ်ချက်အရ ထိပ်ဆုံးလိဂ် ငါးခုတွင် ကစားနေသည့်ကစားသမားများအတွက် သွင်းဂိုး တစ်ဂိုးလျှင် ရမှတ်နှစ်မှတ်သတ်မှတ်ပေးထားပြီး အဆင့်(၆)နောက်ပိုင်းလိဂ်များမှ ကစားသမားများအတွက် သွင်းဂိုး တစ်ဂိုးလျှင် ၁ ဒသမ ၅ မှတ်သတ်မှတ်ပြီး စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ယခုနှစ် ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် သွင်းဂိုး ၃၆ ဂိုး သွင်းယူခဲ့သည့်အတွက် ရမှတ် ၇၂ မှတ်ရရှိခဲ့ပြီးနောက် ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်း၏ နောက်တွင် မန်စီးတီးအသင်းမှ ဟာလန်းက သွင်းဂိုး ၂၇ ဂိုး ရမှတ် ၅၄ မှတ်ဖြင့် ဒုတိယ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘတ်ပီက သွင်းဂိုး ၂၅ဂိုး ရမှတ် ၅၀ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ကြသည်။

ဟယ်ရီကိန်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကလည်း ဥရောပရွှေဖိနပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA



## ၂၀၂၆ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များယှဉ်ပြိုင်ကစား



**နေပြည်တော် မေ ၂၆**

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့၌ ဇုန်လေးဇုန်ခွဲ၍ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ တစ်ဖက် တစ်ဂိုးစီသရေ ရလဒ်ဖြင့်လည်းကောင်း သရေရလဒ်များထွက်ပေါ်ခဲ့ပြီး ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ရှမ်းပြည်နယ်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

၂၀၂၆ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင်ရပ်နားသွားမည်ဖြစ်ပြီး မေ ၂၉ ရက်မွန်းလွဲ ၃ နာရီခွဲမှစတင်ကာ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်သင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကချင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ အသီးသီးဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## သုံးနိုင်ငံအမျိုးသမီးဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲအတွက် ကြိုတင်လက်မှတ်များကို မေ ၃၁ ရက်မှ စတင်ရောင်းချသွားမည်

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် သုံးနိုင်ငံအမျိုးသမီးဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲအတွက် ကြိုတင်လက်မှတ်များကို လာမည့် မေ ၃၁ ရက်မှ စတင်ပြီး ရန်ကုန်မြို့ရှိမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးတွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သုံးနိုင်ငံ ဖိတ်ခေါ်ဖလားပြိုင်ပွဲကို လာမည့် ဇွန် ၃ ရက်မှ ၉ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ ဥဇဘက်ကစ္စတန်အသင်း၊ ထိုင်းအသင်းတို့ ပါဝင်ကစားသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အုပ်စုပတ်လည် ကစားသွားမည်ဖြစ်ပြီး လာမည့် ဇွန် ၃ ရက်တွင် မြန်မာအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ ဇွန် ၆ ရက်တွင် ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ ဇွန် ၉ ရက်တွင် မြန်မာအသင်းနှင့်ထိုင်းအသင်းတို့ကစားသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲအတွက် ပွဲကြည့်ရှုခွင့်လက်မှတ်များကို မေ ၃၁ ရက်မှ ပြိုင်ပွဲမတိုင်မီ ဇွန် ၂ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများကို ရိုးရိုးတန်းအတွက် ငွေကျပ် ၂၀၀၀ နှင့် အထူးတန်းအတွက် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပြီး အွန်လိုင်းမှတစ်ဆင့် ဝယ်ယူလိုပါက AYA Pay ဖြင့်လည်း ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

STA

## French Open တင်းနစ်ပြိုင်ပွဲတွင် ရိုင်ဘာကီနာနှင့် စဝီယာတက်ခ်တို့ နိုင်ပွဲကိုယ်စီရရှိ

**ပဲရစ် မေ ၂၆**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ကမ္ဘာ့အဆင့်(၂) ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ကမ္ဘာ့အဆင့်(၄) ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်တို့ နိုင်ပွဲကိုယ်စီရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ဩစတြေးလျတင်းနစ်မယ် အီမာဆင်ဂျုန်းနှင့် ယှဉ်ပြိုင်ခဲ့ရာ စဝီယာတက်ခ်က (၆-၁ ၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သကဲ့သို့ ရိုင်ဘာကီနာသည်လည်း ဆလိုဗေးနီးယား တင်းနစ်မယ် အာဂျာဗက်နှင့် ယှဉ်ပြိုင်ခဲ့ရာ ရိုင်ဘာကီနာက (၆-၂ ၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရပြီး ဒုတိယအဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်သည် ၂၀၂၆ ခုနှစ် တင်းနစ်ရာသီအတွင်း အောင်မြင်မှုရရှိရန် ရုန်းကန်နေရသူဖြစ်ပြီး အောင်မြင်မှုများ ပြန်လည်ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေသူဖြစ်သည်။

စဝီယာတက်ခ်က "ဒုတိယအဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ပိုပြီးတော့ ပျော်ရွှင်စေခဲ့တာကတော့ စွမ်းဆောင်ရည်ကောင်းပြသနိုင်ခဲ့လို့ပါပဲ။ ကျွန်မဖြစ်ချင်တဲ့ ပုံစံအတိုင်း ဖြစ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE

Trs : AZL

## အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီ ဒဏ်ရာပြင်းထန်မှုမရှိသည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်နိုင်မည်

**ဗျူနိုအေရိစ် မေ ၂၆**

အာဂျင်တီးနား အသင်းခေါင်းဆောင် မက်ဆီသည် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် ရက်သတ္တပတ် အနည်းငယ်အလိုတွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့သော်လည်း ဒဏ်ရာမှာပြင်းထန်မှုမရှိသည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြန်လည်ပါဝင်ကစားနိုင်မည်ဟု အင်တာမီယာမီအသင်းက အတည်ပြုခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲအဖြစ်ကစားခဲ့သည့် အင်တာမီယာမီအသင်းက ဖီလာဒယ်ဖီးယားအသင်းကို ခြောက်ဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ခဲ့သော်လည်း တံကောက်ကြော ဒဏ်ရာရရှိခဲ့သည့်အတွက် ပွဲချိန် ၇၃ မိနစ်တွင် လူစားလဲထွက်ခွာခဲ့ရသည်။

မက်ဆီ၏ဒဏ်ရာနှင့်ပတ်သက်ပြီး အင်တာမီယာမီဆေးအဖွဲ့က အသေးစိတ် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် ဒဏ်ရာမှာ ပြင်းထန်မှုမရှိသည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ရန်အသင့်ရှိနေသည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။



မက်ဆီသည် ယခုနှစ်ဘောလုံးရာသီတွင် အင်တာမီယာမီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆ ပွဲ၌ သွင်းဂိုး ၁၃ ဂိုး သွင်းယူနိုင်သည်ထိ ခြေစွမ်းပြသလျက် ရှိနေပြီး ဂိုးဖန်တီးမှုခုနစ်ကြိမ် ပြုလုပ်ထားသည်။

မက်ဆီသည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဂျင်တီးနားအသင်း ကစားသမားဘဝ နောက်ဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ် ပါဝင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : One Football

Trs : STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံ Rostec ကုမ္ပဏီက Citadel တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးအမြောက်စနစ်သစ်ကို မိတ်ဆက်ပြသခဲ့



ရုရှားနိုင်ငံပိုင် ကာကွယ်ရေးစက်မှုအဖွဲ့အစည်းကြီးဖြစ်သော Rostec ကုမ္ပဏီသည် ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်တွင် Citadel တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးအမြောက်စနစ်သစ်ကို မိတ်ဆက်ပြသခဲ့သည်ဟု Defence Blog သတင်းဌာနက မေ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ မီလီမီတာ ၃၀ အော်တိုအမြောက်စနစ်သည် ရန်သူ့ဒရုန်းများကို တိုက်ရိုက်ထိမှန်ရန် မလိုအပ်ဘဲ ပစ်မှတ်၏ ပျံသန်းမှုလမ်းကြောင်းအလိုက် လေထဲတွင် ကြိုတင်ပေါက်ကွဲစေနိုင်သည့် ကွန်ပျူတာပရိုဂရမ်သုံး စနက်တံတပ်ပြန့်ကျဲပေါက်ကွဲနိုင်သည့် ကျည်ဆန်များကို အသုံးချ၍ တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

လက်နက်စနစ်၏ အဓိက နည်းပညာဆန်းသစ်မှုမှာ အမြောက်ကိုယ်ထည်ထက် ၎င်းတွင် အသုံးပြုမည့်နည်းပညာပင်ဖြစ်သည်။ သမားရိုးကျ အမြောက်ကျည်များသည် သေးငယ်ပြီး အလွန်မြန်သည့် ဒရုန်းငယ်များကို ပစ်ခတ်ရာတွင် တိုက်ရိုက်ထိမှန်ရန် အလွန်ခက်ခဲပြီး ကျည်ဆန်အရေအတွက်များစွာ ဆုံးရှုံးနိုင်ဖွယ်ရှိသည်။ သို့သော် Citadel စနစ်သည် အဝေးထိန်းစနစ်ဖြင့် ပရိုဂရမ်ထည့်သွင်းထားသည့် စနက်တံတပ်ကျည်ဆန်များကို အသုံးပြုကာ ပစ်ခတ်ထိန်းချုပ်ရေးစနစ်ကို ကွန်ပျူတာက ပစ်မှတ်ဒရုန်း၏ ပျံသန်းမှုလမ်းကြောင်းကို တွက်ချက်၍ ကျည်ဆန်တစ်တောင့်ချင်းစီကို လေထဲရှိ ဒရုန်းတည်နေရာအတိအကျတွင် ပေါက်ကွဲစေခြင်းဖြစ်သည်။ ၎င်းကျည်ဆန်များသည် ဒရုန်းပျံသန်းရာလမ်းကြောင်းရှေ့တွင် ပြင်းထန်သော ပေါက်ကွဲမှုဖန်တီးကာ ကြားဖြတ်ဖျက်ဆီးပစ်နိုင်သဖြင့် သမားရိုးကျ အမြောက်ကျည်ဆန်များထက် ကျည်အသုံးပြုမှုအဆမတန်သက်သာစေပြီး စစ်မြေပြင်တွင် ကျည်ပြန်လည်ဖြည့်တင်းရမည့်အချိန်မတိုင်မီထိ ရေရှည်တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပစ်ခတ်ထိန်းချုပ်ရေးစနစ်ကို ပံ့ပိုးပေးထားသည့် အာရုံခံကိရိယာအစုအဝေးသည် နှစ်လိုင်းသုံး စနစ်ဖြစ်သည်။ Citadel စနစ်သည် သမားရိုးကျအလင်းလှိုင်းနှင့် အနီအောက်ရောင်ခြည်လှိုင်းနှစ်မျိုးစလုံးဖြင့် ရေဒါစနစ်နှင့်ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် နေ့အလင်းရောင်၊ ညမှောင်မိုက်ချိန်နှင့် ဆိုးရွားသောရာသီဥတုအခြေအနေများတွင်ပါ ပစ်မှတ်ကို ထောက်လှမ်းခြေရာခံနိုင်သည်။ အထူးသဖြင့် အာရုံခံစနစ်၏ အနီအောက်ရောင်ခြည်စွမ်းဆောင်ရည်သည် ရေဒါလှိုင်းပြန်မှု အလွန်နည်းပါးလွန်းသည့် ဒရုန်းငယ်များကို ရှာဖွေရာတွင် ပိုမိုထိရောက်ပြီး ရေဒါလှိုင်းများ ဝေဝါးနေချိန်တွင်ပင် ဒရုန်း၏ မော်တာနှင့် အီလက်ထရွန်နစ်ပစ္စည်းများမှ ထွက်ရှိလာသော အပူချိန်လက္ခဏာကို ကြည့်၍ တိကျစွာခြေရာခံနိုင်သည်။ အာရုံခံစနစ်နှစ်မျိုးစလုံးမှ အချက်အလက်များကို ပစ်ခတ်ထိန်းချုပ်ရေးစနစ် တစ်ခုတည်းသို့ ပေါင်းစပ်ပေးပို့ခြင်းကြောင့် မည်သည့်စနစ်က ပိုမိုကြည်လင်ပြတ်သားသော ပုံရိပ်ကို ပေးစွမ်းနိုင်သည့်အပေါ် မူတည်၍ ဒေတာများကို ရွေးချယ်အသုံးပြုနိုင်သည်။

ထုတ်ပြန်ထားသော စံချိန်စံညွှန်းများအရ Citadel စနစ်သည် တောင်ပံပုံသေတပ်ဒရုန်းများကို မီတာ ၂၀၀၀ အကွာမှလည်းကောင်း၊ ဒရုန်းငယ်များကို မီတာ ၁၀၀၀ အကွာမှလည်းကောင်း စတင်ထောက်လှမ်းနိုင်ပြီး တောင်ပံပုံသေတပ်ပစ်မှတ်များကို မီတာ ၁၀၀၀ မှ ၁၃၀၀ အကွာအဝေးအတွင်း ထိရောက်စွာ ကြားဖြတ်ပစ်ခတ်နိုင်သည်။ ဤစနစ်တွင် အသင့် ပစ်ခတ်နိုင်သော ကျည်တောင့်ပေါင်း ၂၅၀ ပါဝင်ပြီး ရေပြင်ညီမှ ဒေါင်လိုက်ပစ်ခတ်မှုထောင့် အနုတ် ၁၀ ဒီဂရီမှ အပေါင်း ၆၀ ဒီဂရီထိ လှွမ်းခြုံနိုင်သဖြင့် နိမ့်ပါးစွာ ပျံသန်းလာသော ပစ်မှတ်များမှသည် ဒေါင်လိုက်ထိုးဆင်းလာသည့် ဒရုန်းများကိုပါ ကြားဖြတ်တိုက်ခိုက်နိုင်သည်။ ဘေးတိုက်လှည့်ပတ်မှု ဗဟိုချက်မျဉ်းမှ ဘယ်ညာအပေါင်းအနုတ် ၁၅၀ ဒီဂရီထိ လွှမ်းခြုံနိုင်သဖြင့် ၎င်းသည် ပုံသေတပ်ဆင်ထားသည့် နေရာတစ်ခုမှ ပစ်ပိုင်နယ်ကျယ်ဝန်းသော်လည်း ၃၆၀ ဒီဂရီအပြည့် လွှမ်းခြုံနိုင်ခြင်းမရှိကြောင်း သိရသည်။

**Russia shows off counter–drone cannon with programmable shells ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ဗြိတိန်၏ Boeing E-7 Wedgetail ဝေဟင်အခြေပြုရေဒါလေယာဉ်ကို စကော့တလန်တွင် စမ်းသပ်မှုများစတင်

ဗြိတိန်ဘုရင့်လေတပ် (RAF) တွင် စတင် တာဝန်ထမ်းဆောင်တော့မည့် ပထမဦးဆုံးသော Boeing E–7 Wedget–ail ဝေဟင်အခြေပြု ကြိုတင်သတိပေးနှင့် ထိန်းချုပ်ရေးရေဒါလေယာဉ်သည် စကော့တလန်မြောက်ပိုင်းရှိ RAF Loss–iemouth လေတပ်စခန်းတွင် ဗြိတိန်စစ်ဘက်အတွင်း တရားဝင်စစ်ဆင်ရေးဝင်ရောက်ခြင်းမပြုမီ နောက်ဆုံးအဆင့်စမ်းသပ်မှုများကို စတင်ပြုလုပ်နေပြီဖြစ်သည်ဟု Defence Blog သတင်းဌာနက မေ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရေဒါလေယာဉ်သည် ဘာမင်ဂမ်လေဆိပ်ရှိ STS Aviation Services မှ မြောက်ဘက်သို့ ပျံသန်းလာခဲ့ခြင်းဖြစ်ပြီး Boeing UK နှင့် ဗြိတိန်ဘုရင့်လေတပ် (RAF) မှ ပူးပေါင်းအဖွဲ့ဝင်များ မောင်းနှင်ကာ စမ်းသပ်စစ်ဆေးမှု အစီအစဉ်များ ပြီးဆုံးပါက ၎င်း၏ အမြဲတမ်းအခြေစိုက်စခန်းဖြစ်လာမည့် စကော့တလန်လေတပ်စခန်းသို့ အောင်မြင်စွာ သက်ဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

E–7 Wedgetail လေယာဉ်သည် ဒီဇိုင်းအသစ် မဟုတ်သော်လည်း အလွန်အရေးပါသော မဟာဗျူဟာမြောက် စွမ်းအားတစ်ခုဖြစ်သည်။ Boeing 737 Next Generation အရပ်ဘက်သုံးလေယာဉ်ကိုယ်ထည်ပေါ်တွင် အခြေခံတည်ဆောက်ထားပြီး လေယာဉ်၏ ကျောရိုးတောင်ပံပေါ်တွင် ဘက်စုံသုံး MESA ရေဒါကို ထူးခြားထင်ရှားစွာ တပ်ဆင်ထားသည်။ ၎င်းရေဒါသည် ကျယ်ပြန့်သော ဝေဟင်ပတ်ဝန်းကျင်အတွင်းရှိ ရာနှင့်ချီသော ဝေဟင်နှင့် ရေပြင်ပစ်မှတ်များကို တစ်ပြိုင်တည်း ခြေရာခံနိုင်စွမ်းရှိသည်။

ယခင်ခေတ်ဟောင်း ရေဒါလေယာဉ်များကဲ့သို့ အရပ်မျက်နှာအသီးသီးကို စကန်ဖတ်ရန်အတွက် ရေဒါဝိုင်းကြီးကို စက်မှုပိုင်းအရ ကိုယ်ထည်လှည့်ပတ်နေစရာမလိုဘဲ ယခု MESA ရေဒါသည် အီလက်ထရွန်နစ်နည်းစနစ်ဖြင့် လမ်းညွှန်ထိန်းချုပ်ထားသော ရေဒါလှိုင်းများကို အသုံးပြု၍ ကဏ္ဍအမြောက်အမြားကို တစ်ပြိုင်တည်း လွှမ်းခြုံစကန်ဖတ်နိုင်သဖြင့် စစ်မြေပြင်ကွပ်ကဲရေးမှူးများကို ရေဒါလှိုင်းအတွင်း လှုပ်ရှားနေသမျှ အရာအားလုံးကို အချိန်နှင့်တစ်ပြေးညီ တိကျစွာ မြင်တွေ့စေနိုင်ကြောင်း သိရသည်။

ဤလေယာဉ် အမျိုးအစားကို ဩစတြေးလျ ဘုရင့်လေတပ်တွင် ၂၀၀၉ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့ပြီး



တောင်ကိုရီးယားနှင့် တူကီယဲလေတပ်တို့တွင်လည်း အသုံးပြုနေသဖြင့် ဗြိတိန်လေတပ်အနေဖြင့် နည်းပညာအသစ်ကို စမ်းသပ်စွန့်စားနေရခြင်းမဟုတ်ဘဲ စစ်မြေပြင်တွင် စမ်းသပ်အောင်မြင်ပြီးသားစနစ်တစ်ခုကို ရယူလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ယခု E–7 Wedgetail လေယာဉ်ကို မဖြစ်မနေလိုအပ်ရခြင်းမှာ ယခင်က သုံးစွဲခဲ့ပြီး Boeing E–3D Sentry ရေဒါလေယာဉ်ကြီးများ၏ နေရာတွင် အစားထိုးရန်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စမ်းသပ်မှုလုပ်ဆောင်ခြင်းမှာ Boeing ကုမ္ပဏီထံမှ ဗြိတိန်လေတပ်က တရားဝင်လွှဲပြောင်းမယူမီ လေယာဉ်ပေါ်ပါ ရေဒါနှင့် လျှပ်စစ်စနစ်များအားလုံး ရာနှုန်းပြည့် အလုပ် လုပ်၊ မလုပ်သေချာစေရန်ဖြစ်ပြီး ၎င်းနောက်တွင်မှ အဆိုပါလေယာဉ်ကို ဗြိတိန်ဘုရင့်လေတပ် အမှတ်(၈) လေယာဉ်အုပ်ထံသို့ လွှဲပြောင်းပေးအပ်ကာ စစ်ဆင်ရေးတာဝန်များ စတင် ထမ်းဆောင်စေမည်ဖြစ်ကြောင်း သိရသည်။

**Britain's next airborne radar plane begins final tests in Scotland ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပြည်သူ့ဘဝလုံခြုံရေးကို အာမခံမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေသစ်

ယနေ့ခေတ်ကာလမှာ နည်းပညာတွေ အရှိန်အဟုန်နဲ့တိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့တစ်ဦးချင်းစီရဲ့ နေ့စဉ်လူမှုစီးပွားဘဝတွေအပြင် ကမ္ဘာကြီးတစ်ခုလုံးရဲ့ လည်ပတ်မှုစနစ်တွေထိ အင်တာနက်နဲ့ ဒစ်ဂျစ်တယ်ကွန်ရက်တွေအပေါ်မှာ အပြည့်အဝမှီခိုနေရတဲ့အခြေအနေကို ရောက်ရှိလာနေပါတယ်။ နည်းပညာရဲ့တိုးတက်မှုကနေ လျင်မြန်မှု၊ အဆင်ပြေလွယ်ကူမှု စတဲ့အကျိုးကျေးဇူးကောင်းတွေ အများကြီးရရှိလာပေမဲ့လဲ တစ်ဖက်မှာတော့ မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာတွေ၊ အန္တရာယ်တွေကလဲ ဒွန်တွဲပြီးပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီအန္တရာယ်တွေထဲမှာမှ အဆိုးရွားဆုံးနဲ့ အများဆုံးကြုံတွေ့နေရတာကတော့ အွန်လိုင်းကနေတစ်ဆင့် လိမ်လည်လှည့်ဖြားတဲ့ ဆိုက်ဘာလိမ်လည်မှုတွေ (Cyber Scams)ပဲ ဖြစ်ပါတယ်။

အခုဆိုရင် ဒီလိုအွန်လိုင်းလိမ်လည်မှုတွေဟာ သာမန်ပြဿနာအဆင့်ကနေ ကျော်လွန်သွားပြီး ကမ္ဘာတစ်ဝန်းလုံးမှာ အမြန်ဆုံးကူးစက်ပြန့်ပွားနေတဲ့ ကပ်ရောဂါဆိုးကြီးတစ်ခုလိုမျိုး အလွန်ဆိုးရွားစွာဖြစ်ပေါ်လာနေတာကို တွေ့ရပါတယ်။ ဒီဆိုက်ဘာ ရာဇဝတ်ကောင်တွေဟာ ပြည်သူလူထုရဲ့ နိစ္စဓူဝပင်ပန်းဆင်းရဲစွာ ရှာဖွေစုဆောင်းထားရတဲ့ ချွေးနဲ့စာ ငွေကြေးတွေကို မသမာတဲ့နည်းလမ်းပေါင်းစုံနဲ့ လိမ်လည်ယူငင်နေကြရုံသာမကဘဲ၊ ပြည်သူတွေရဲ့ အေးချမ်းတဲ့ လူမှုစီးပွားဘဝတွေနဲ့ အသက်အန္တရာယ်ကိုပါ ပြိုလဲသွားအောင် ကြီးမားစွာခြိမ်းခြောက်ဖျက်ဆီးလာနေပြီဖြစ်ပါတယ်။

ဒီလိုမျိုး ပြည်သူတွေအနေနဲ့ အွန်လိုင်းပေါ်မှာ ငွေလိမ်ခံရပြီး နစ်နာဆုံးရှုံးနေရတဲ့ ဆိုးရွားတဲ့အခြေအနေတွေကို နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုမှ လျစ်လျူရှုပြီး လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်လဲ ပြည်သူတွေ ထပ်မံမနစ်နာရအောင်နဲ့ အွန်လိုင်းပေါ်မှာ လုံခြုံစိတ်ချရအောင် နိုင်ငံတကာအဆင့်မီခိုင်မာတဲ့ ကာကွယ်တားဆီးရေး ယန္တရားတစ်ခုကို အချိန်နှောင့်နှေးကြန့်ကြာမှု လုံးဝမရှိစေဘဲ အမြန်ဆုံးနဲ့ အထိရောက်ဆုံးဖြစ်အောင် အထူးဦးစားပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

ဒီလိုမျိုး ပြည်သူလူထုရဲ့အကျိုးစီးပွားကို အမှန်တကယ် အလေးထားပြီး ကြိုးပမ်း ဆောင်ရွက်နေတယ်ဆိုတဲ့ သက်သေတစ်ခုအနေနဲ့ 'အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေ' ဆိုတဲ့ ဥပဒေသစ်တစ်ခုကို မူကြမ်းရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ဖို့အတွက် ၂၀၂၆ ခုနှစ် မေ ၁၄ ရက်မှာ နိုင်ငံပိုင်သတင်းစာတွေ၊ မီဒီယာတွေကနေ အများပြည်သူသိအောင် တရားဝင်မိတ်ဆက် ထုတ်ပြန်ပေးခဲ့ပြီပဲဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီဥပဒေထဲမှာ ဘာတွေပါဝင်သလဲဆိုတာကို ကြိုတင်ဖတ်ရှုလေ့လာပြီး အကျိုးရှိမဲ့ အကြံဉာဏ်တွေနဲ့ သဘောထားမှတ်ချက်တွေကို ပြည်ထောင်စုလွှတ်တော်ရုံးဆီ တိုက်ရိုက်လိပ်မူပေးပို့နိုင်အောင် အစိုးရအနေနဲ့ အခုလို ပွင့်လင်းမြင်သာမှုရှိရှိ ကြိုတင်အသိပေးထားခြင်းဖြစ်ပါတယ်။

တကယ်တော့ ဒီလိုအွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေကြမ်းကြီး ပေါ်ထွက်လာတာဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပိုင်ဆိုင်မှုတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ရန်ကနေ အပြည့်အဝကာကွယ်ပေးနိုင်ဖို့ အတွက် အများကြီးအထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ဒါဟာ ကမ္ဘာ့နိုင်ငံတွေအလယ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အင်တာနက်နဲ့ ဒစ်ဂျစ်တယ်လုံခြုံရေးစနစ် အဆင့်အတန်းဟာ ဘယ်လောက်ထိ ခိုင်မာအားကောင်းနေပြီလဲဆိုတာကို ပြသနိုင်မဲ့ အလွန်ကိုအရေးပါပြီး သမိုင်းဝင်လှတဲ့ ခြေလှမ်းသစ်တစ်ရပ်လို့ဆိုရမှာပဲဖြစ်ပါတယ်။

> **တကယ်တော့ ဒီလိုအွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကြီးပေါ်ထွက်လာတာဟာ ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်နဲ့ပိုင်ဆိုင်မှုတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ရန်ကနေ အပြည့်အဝကာကွယ်ပေးနိုင်ဖို့အတွက် အများကြီးအထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ဒါဟာ ကမ္ဘာ့နိုင်ငံတွေအလယ်မှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့အင်တာနက်နဲ့ဒစ်ဂျစ်တယ်လုံခြုံရေးစနစ် အဆင့်အတန်းဟာ ဘယ်လောက်ထိ ခိုင်မာအားကောင်းနေပြီလဲဆိုတာကိုပြသနိုင်မဲ့ အလွန်ကိုအရေးပါပြီး သမိုင်းဝင်လှတဲ့ ခြေလှမ်းသစ်တစ်ရပ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။**

ဒီဥပဒေကြမ်းထဲမှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို သေချာဂရုတစိုက် လေ့လာကြည့်မယ်ဆိုရင် ပြည်သူတွေအနေနဲ့ နေ့စဉ်အသုံးပြုနေတဲ့ အွန်လိုင်းငွေပေးချေမှုစနစ်တွေ၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေကို အသုံးပြုတဲ့အခါမှာ လိမ်လည်ခံရမလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေ လုံးဝမရှိတော့ဘဲ ရဲရဲဝံ့ဝံ့နဲ့ စိတ်ချလက်ချအသုံးပြုနိုင်အောင် ဥပဒေအရ အခိုင်အမာ အကာအကွယ်ပေးထားတာပဲဖြစ်ပါတယ်။

အစိုးရအနေနဲ့ ဒီဥပဒေကို အကောင်အထည်ဖော်တဲ့နေရာမှာ ပြစ်မှုကျူးလွန်တဲ့လိမ်လည်သူတွေကို ပြင်းပြင်းထန်ထန် ထိရောက်စွာအရေးယူရုံနဲ့ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ပြည်သူတွေ လိမ်လည်လှည့်ဖြားမှု ထပ်မခံရစေဖို့အတွက် ဘယ်လိုအရာတွေကို သတိထားရမယ်ဆိုတဲ့ ကြိုတင်ကာကွယ်ရေး အသိပညာပေး အစီအစဉ်တွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နည်းပညာပိုင်းဆိုင်ရာမှာလဲ လိမ်လည်သူတွေ ဝင်ရောက်မလာနိုင်အောင် အစိုးရကိုယ်တိုင်က အနီးကပ်ကြီးကြပ်ပြီး တားဆီးပိတ်ဆို့မှုတွေ လုပ်ဆောင်သွားမဲ့ အစီအမံကောင်းတွေ အများကြီးပါဝင်နေတဲ့အတွက် ဒီဥပဒေသစ်ကြီးဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အပြည့်အဝကာကွယ်ပေးမဲ့ တကယ့်ကိုစစ်မှန်တဲ့ 'ဒစ်ဂျစ်တယ်အမိုးအကာ'တစ်ခုအသေအချာကို ဖြစ်လာတော့မှာပဲ ဖြစ်ပါတယ်။

ဥပဒေဆိုတာ ပြစ်မှုဖြစ်မှ အရေးယူဖို့ထက် ကြိုတင်ကာကွယ်ဖို့က ပိုအရေးကြီးတဲ့အတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေကြမ်းရဲ့ အခန်း(၇)မှာ ပြည်သူတွေရဲ့ငွေကြေးတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေ မခိုးယူနိုင်အောင် ခိုင်မာတဲ့ကြိုတင်ကာကွယ်ရေး အစီအမံတွေအထူးထည့်သွင်းထားပါတယ်။ ဥပမာအားဖြင့် Mobile Pay အကောင့်ဖွင့်ရာမှာ မှတ်ပုံတင်မူရင်းနဲ့ တိတိကျကျ စစ်ဆေးစေတာ၊ သံသယဖြစ်ဖွယ် ငွေလွှဲမှုတွေကို ဘဏ်တွေကနေ ဗဟိုဌာနဆီကို ချက်ချင်းသတင်းပို့စေတာမျိုးတွေ လုပ်ဆောင်စေမှာပါ။ အဓိကအားဖြင့် လိမ်လည်သူတွေ လက်နက်သဖွယ်သုံးလေ့ရှိတဲ့ တရားမဝင်ဆင်းကတ်၊ ဆင်းဘောက်စ်(SIM Box)တွေနဲ့ အကောင့်တုတွေကို စနစ်တကျ ပြတ်ပြတ်သားသား ပိတ်ဆို့သွားမှာဖြစ်လို့ ရာဇဝတ်ကောင်တွေအနေနဲ့ ခြေရာဖျောက်ဖို့ အလွန်ခက်ခဲသွားမှာပဲဖြစ်ပါတယ်။

ဒါဟာ ပြည်သူတွေ နေ့စဉ်အသုံးပြုနေတဲ့ နိုင်ငံရဲ့အွန်လိုင်းစနစ်တစ်ခုလုံးကို အညစ်အကြေးကင်းစင်ပြီး သန့်စင်သွားအောင် လုပ်ဆောင်ပေးမဲ့ နိုင်ငံတော်အကြီးအကဲရဲ့ ကြီးမားကျယ်ပြန့်လှတဲ့ အမြော်အမြင်နဲ့ ပြည်သူ့အပေါ်ထားရှိတဲ့ စေတနာကို အထင်အရှားတွေ့မြင်ရခြင်းလဲဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ ချွေးနဲ့စာတွေ မဆုံးရှုံးစေဖို့အတွက် စောင့်ကြည့် တားဆီးခြင်းအပိုင်းမှာလဲ နိုင်ငံတော်ဗဟိုဘဏ်လုပ်ငန်းတွေနဲ့ ဆက်သွယ်ရေး အော်ပရေတာတွေကို ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာ ချိတ်ဆက်ပူးပေါင်းစေခဲ့ပါတယ်။ ဒီလိုအချိတ်အဆက် မိမိနဲ့ပူးပေါင်းဆောင်ရွက်စေတဲ့အတွက်ကြောင့် မသင်္ကာစရာ၊ သံသယဖြစ်ဖွယ်ကောင်းတဲ့ငွေကြေးစီးဆင်းမှုတွေအပြင် ပြည်သူတွေကို လှည့်ဖြားလိမ်လည်နေတဲ့ ဖုန်းခေါ်ဆိုမှုတွေနဲ့ စာတို (SMS)တွေ ပေးပို့တာတွေကိုပါ လမ်းခုလတ်မှာတင် စနစ်တကျအချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်ပြီး ထိထိရောက်ရောက် တားဆီးဟန့်တားပေးသွားတော့မှာဖြစ်ပါတယ်။

> **သာမန်အားဖြင့် ရာဇဝတ်ကောင်လိမ်လည်သူတွေရဲ့ထုံးစံက ပြည်သူတွေဆီကနေ လိမ်လည်လို့ရလိုက်တဲ့ငွေကြေးတွေကို အကောင့်တစ်ခုကနေ နောက်ထပ်အကောင့်တစ်ခုဆီကို စက္ကန့်ပိုင်းအတွင်း အဆင့်ဆင့်လွှဲပြောင်းပြီး ခြေရာဖျောက်တတ်ကြပါတယ်။ ဒါပေမဲ့ အခုလိုမျိုးသက်ဆိုင်ရာဌာနပေါင်းစုံက ဗဟိုဒေတာစနစ်ကနေတစ်ဆင့် လျှပ်စီးလက်သလို အလွန်မြန်ဆန်သွက်လက်တဲ့ အချိတ်အဆက်တွေနဲ့ အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လုပ်ဆောင်လိုက်တဲ့အတွက်ကြောင့် လိမ်လည်သူတွေအနေနဲ့ ငွေကြေးတွေကို သူတို့လိုသလို ဆက်လက်လွှဲပြောင်းခွင့်လုံးဝမရနိုင်တော့ဘဲ လမ်းခုလတ်မှာတင် ချက်ချင်းဖြတ်တောက်ဟန့်တားပစ်နိုင်မဲ့ အားထားလောက်စရာ ကာကွယ်ရေးလုပ်ငန်းစဉ်ကြီးတစ်ခုကို နိုင်ငံတော်အစိုးရက ပြည်သူ့အတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။**

ဆိုက်ဘာလိမ်လည်မှုတွေကို အမြစ်ပြတ် တိုက်ဖျက်နှိမ်နင်းရာမှာ အရင်ကတည်းက ကျွန်တော်တို့အတွက် အဓိကအဟန့်အတားကြီးတစ်ခုဖြစ်နေခဲ့တာကတော့ သက်ဆိုင်ရာအစိုးရဌာနတွေနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေကြားမှာ သတင်းအချက်အလက်စီးဆင်းမှုနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေ နှောင့်နှေးကြန့်ကြာနေတာပဲဖြစ်ပါတယ်။ အခုအသစ်ရေးဆွဲထားတဲ့ ဥပဒေကြမ်းရဲ့ အခန်း (၈) 'သတင်းအချက်အလက်ဖလှယ်ခြင်း' ကဏ္ဍဟာဆိုရင် အဲဒီလို ယခင်ကရှိခဲ့တဲ့ ဟာကွက်အားနည်းချက်တွေအားလုံးကို အလုံးစုံချေဖျက်ပေးလိုက်မဲ့ အရေးကြီးဆုံး အခန်းတစ်ခန်းဖြစ်လာမှာပါ။

လက်တွေ့မြေပြင်မှာဆိုရင် လိမ်လည်သူ ဆိုက်ဘာရာဇဝတ်ကောင်တွေဟာ သူတို့ရဲ့ကွန်ရက်တွေကို စက္ကန့်နဲ့အမျှ အမြဲတမ်းပြောင်းလဲလှည့်စားပြီး ပြစ်မှုတွေကို လျင်လျင်မြန်မြန် ကျူးလွန်နေကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအခြေအနေမျိုးမှာ အစိုးရဌာနတွေ၊ ဘဏ်နဲ့ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ အီလက်ထရွန်နစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူတွေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေ၊ အင်တာနက်ဝန်ဆောင်မှုပေးသူတွေအားလုံးကြားမှာ သံသယဖြစ်ဖွယ် အကောင့်တွေနဲ့ ငွေကြေးစီးဆင်းမှု သတင်းအချက်အလက်တွေကို ဗဟိုဒေတာစနစ် (Centralized Database) ကနေတစ်ဆင့် လျှပ်စီးလက်သလို မြန်မြန်ဆန်ဆန် ချိတ်ဆက်ဖလှယ်နိုင်ခြင်းဟာ ဒီတိုက်ပွဲကို အောင်ပွဲခံနိုင်ဖို့အတွက် အဓိကအကျဆုံး သော့ချက်ပဲဖြစ်ပါတယ်။

အွန်လိုင်းလိမ်လည်မှုတစ်ခု ဖြစ်ပွားပြီဆိုတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ ပြည်သူတွေရဲ့အဖိုးတန်လှတဲ့ငွေကြေးတွေ ဆက်လက်မဆုံးရှုံးရအောင် အရေးပေါ်ကာကွယ်ပေးမဲ့စနစ်တစ်ခုကို ဒီဥပဒေမှာ ခိုင်ခိုင်မာမာ ပြဋ္ဌာန်းထားပါတယ်။ အရင်ကလိုမျိုး ဌာနတစ်ခုနဲ့တစ်ခုကြားမှာ အချိန်ဆွဲကြန့်ကြာနေတာမျိုးလုံးဝမရှိစေတော့ဘဲ စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှအဆက်

ပြစ်မှုဖြစ်ပွားတာကို သိသိချင်းမှာပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဗဟိုဘဏ်၊ ပုဂ္ဂလိကငွေရေးကြေးရေး အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေ အားလုံးဟာ အချိတ်အဆက်မိမိ အတူတကွပူးပေါင်းပြီး သတင်းအချက်အလက်တွေကို ‘အနီရောင်အဆင့်အရေးပေါ်စနစ်’ (Red Alert)သဖွယ် အထူးသတ်မှတ်ကာ အပြန်အလှန် လျင်လျင်မြန်မြန် ချိတ်ဆက်ဖလှယ်ကြမှာဖြစ်ပါတယ်။

သာမန်အားဖြင့် ရာဇဝတ်ကောင်လိမ်လည်သူတွေရဲ့ထုံးစံက ပြည်သူတွေဆီကနေ လိမ်လည်လို့ရလိုက်တဲ့ငွေကြေးတွေကို အကောင့်တစ်ခုကနေ နောက်ထပ်အကောင့်တစ်ခုဆီကို စက္ကန့်ပိုင်းအတွင်း အဆင့်ဆင့်လွှဲပြောင်းပြီး ခြေရာဖျောက်တတ်ကြပါတယ်။ ဒါပေမဲ့ အခုလိုမျိုး သက်ဆိုင်ရာဌာနပေါင်းစုံက ဗဟိုဒေတာစနစ်ကနေတစ်ဆင့် လျှပ်စီးလက်သလို အလွန်မြန်ဆန်သွက်လက်တဲ့ အချိတ်အဆက်တွေနဲ့ အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လုပ်ဆောင်လိုက်တဲ့အတွက်ကြောင့် လိမ်လည်သူတွေအနေနဲ့ ငွေကြေးတွေကို သူတို့လိုသလို ဆက်လက်လွှဲပြောင်းခွင့် လုံးဝမရနိုင်တော့ဘဲ လမ်းခုလတ်မှာတင် ချက်ချင်းဖြတ်တောက် ဟန့်တားပစ်နိုင်မဲ့ အားထားလောက်စရာ ကာကွယ်ရေးလုပ်ငန်းစဉ်ကြီးတစ်ခုကို နိုင်ငံတော်အစိုးရက ပြည်သူ့အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။ ပိုပြီးအရေးကြီးတဲ့အချက်ကတော့ ဒီအခန်းမှာပါဝင်တဲ့ သတင်းအချက်အလက် ဖလှယ်ခြင်းလုပ်ငန်းစဉ်တွေဟာ ပြည်တွင်းမှာတင် ရပ်တန့်နေမှာမဟုတ်ပါဘူး။ နိုင်ငံတကာရဲတပ်ဖွဲ့တွေ၊ ဒေသတွင်းဆိုက်ဘာ လုံခြုံရေးဗဟိုဌာနတွေနဲ့ပါ အချိန်နဲ့တစ်ပြေးညီ လျင်လျင်မြန်မြန် ချိတ်ဆက်သတင်းဖလှယ်နိုင်ဖို့အတွက် ခိုင်မာတဲ့လမ်းကြောင်းတွေ ဖွင့်လှစ်ပေးထားပါတယ်။

ဒီဥပဒေကြမ်းရဲ့ အသက်သွေးကြောလို့တင်စားခေါ်ဝေါ်ရမဲ့ အခန်း (၉) ‘ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း’ ကဏ္ဍမှာဆိုရင် ပြည်သူတွေအတွက် အလွန်အားရကျေနပ်စရာကောင်းတဲ့ အချက်တွေကို ထည့်သွင်း ပြဋ္ဌာန်းပေးထားပါတယ်။ အရင်ကဆိုရင် ငွေလိမ်ခံရပြီဆိုတာနဲ့ တရားရုံးလုပ်ထုံးလုပ်နည်းအဆင့်ဆင့် ကို အချိန်ကုန်ခံစောင့်ဆိုင်းနေရတဲ့အတွက် ပြည်သူတွေရဲ့ငွေကြေးတွေဟာ လိမ်လည်သူတွေလက်ထဲကို အလွယ်တကူရောက်ရှိသွားလေ့ရှိပါတယ်။ ဒါပေမဲ့ အခုဥပဒေသစ်မှာတော့ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရကြောင်း တိုင်ကြားချက်ရရှိတာနဲ့ဖြစ်စေ ဒါမှမဟုတ် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုတွေကို ဘဏ်တွေက စိစစ်တွေ့ရှိတာနဲ့ဖြစ်စေ ရှုပ်ထွေးတဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း စောင့်ဆိုင်းနေစရာလုံးဝမလိုတော့ဘဲ သက်ဆိုင်ရာ

**ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာရဲတပ်ဖွဲ့တွေ၊ နည်းပညာအဖွဲ့အစည်းတွေနဲ့ သတင်းအချက်အလက်တွေ အပြန်အလှန်ဖလှယ်ပြီး ပြစ်မှုကျူးလွန်သူတွေကို လွှဲပြောင်းရယူတာ၊ ပူးတွဲစုံစမ်းစစ်ဆေးတာတွေလုပ်ဆောင်ကာ ဂိုဏ်းဖွဲ့လိမ်လည်နေသူတွေကို အမြစ်ပြတ်ချေမှုန်းသွားမယ်ဆိုတဲ့ အစိုးရရဲ့ပြတ်သားတဲ့သန္နိဋ္ဌာန်ကို ကမ္ဘာသိအောင်ကြေညာလိုက်တာဖြစ်ပါတယ်။ ဒီလိုမျိုး နိုင်ငံတကာအသိုင်းအဝိုင်းနဲ့အတူ ဟန်ချက်ညီညီတက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ တာဝန်သိစိတ်အပြည့်ရှိတဲ့ တက်ကြွလှုပ်ရှားသောအဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် အခိုင်အမာရပ်တည်နေကြောင်း သက်သေပြလိုက်တာပဲဖြစ်ပါတယ်။**

ဘဏ်နဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေက အဆိုပါ ငွေစာရင်းအမှတ်ကို ၇၂ နာရီထိ ချက်ချင်းယာယီဆိုင်းငံ့ပိတ်သိမ်းပစ်နိုင်တဲ့အာဏာကို ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာ အပ်နှင်းပေးလိုက်ပြီပဲဖြစ်ပါတယ်။

ဒါ့အပြင် ကိုယ်တိုင် ငွေလိမ်လည်တာမဟုတ်ပေမဲ့ လိမ်လည်သူတွေငွေကြေးခဝါချနိုင်အောင် မိမိတို့ရဲ့ဘဏ်အကောင့်နဲ့ကတ်တွေကို အခကြေးငွေယူပြီး လွှဲပြောင်းရောင်းချပေးနေကြတဲ့ ကြားခံပွဲစားတွေ (Money Mules)ကိုပါ ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် အရေးယူအပြစ်ပေးသွားမဲ့ ပြဋ္ဌာန်းချက်တွေလဲ ပါဝင်လာပါတယ်။ နိုင်ငံတော်အစိုးရရဲ့ အကြီးမားဆုံးသော မျှော်မှန်းချက်က ပြစ်မှုကျူးလွန်သူတွေကို လိုက်လံဖမ်းဆီးအရေးယူဖို့ သက်သက်သာမဟုတ်ဘဲ အခုလို ချက်ချင်းယာယီဆိုင်းငံ့ထိန်းချုပ်ထားနိုင်တဲ့ ငွေကြေးတွေကို နစ်နာသူပြည်သူလူထုရဲ့ လက်ဝယ်ဆီသို့ အမြန်ဆုံးနဲ့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်မဲ့ ဥပဒေမူဘောင်တွေကိုပါ အသေးစိတ်ပြီးပြည့်စုံစွာ ထည့်သွင်းစဉ်းစား ရေးဆွဲပေးထားတာပဲဖြစ်ပါတယ်။

ဆိုက်ဘာရာဇဝတ်မှုတွေဆိုတာ နိုင်ငံတစ်ခုတည်းရဲ့ နယ်နိမိတ်ထဲမှာတင် ဖြစ်ပွားလေ့ရှိတာမဟုတ်ဘဲ နယ်စပ်ဖြတ်ကျော်ပြီး ကျူးလွန်တတ်ကြတဲ့ ပြစ်မှုကြီးတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဆန်းပြားတဲ့မှုခင်းတွေကို နိုင်ငံတစ်နိုင်ငံတည်းရဲ့ ကိုယ်ပိုင်အင်အားနဲ့သာ တိုက်ဖျက်နှိမ်နင်းဖို့ဆိုတာ ဘယ်လိုမှမလွယ်ကူနိုင်ဘူးဆိုတာကို နိုင်ငံတော်အစိုးရကအမြော်အမြင်ကြီးမားစွာနဲ့ ကြိုတင်ရှုမြင်သုံးသပ်ထားပါတယ်။ ဒါကြောင့်လဲ ဒီဥပဒေကြမ်းရဲ့ အခန်း (၁၀) မှာဆိုရင် နိုင်ငံတကာစံနှုန်းတွေနဲ့အညီ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မဲ့အချက်တွေကို ဟန်ချက်ညီညီ ပေါင်းစပ်ရေးဆွဲထားတာဖြစ်ပါတယ်။

ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာရဲတပ်ဖွဲ့တွေ၊ နည်းပညာအဖွဲ့အစည်းတွေနဲ့ သတင်းအချက်အလက်တွေ အပြန်အလှန်ဖလှယ်ပြီး ပြစ်မှုကျူးလွန်သူတွေကို လွှဲပြောင်းရယူတာ၊ ပူးတွဲစုံစမ်းစစ်ဆေးတာတွေလုပ်ဆောင်ကာ ဂိုဏ်းဖွဲ့လိမ်လည်နေသူတွေကို အမြစ်ပြတ်ချေမှုန်းသွားမယ်ဆိုတဲ့ အစိုးရရဲ့ပြတ်သားတဲ့ သန္နိဋ္ဌာန်ကို ကမ္ဘာသိအောင်ကြေညာလိုက်တာဖြစ်ပါတယ်။ ဒီလိုမျိုး နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့အတူ ဟန်ချက်ညီညီ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ တာဝန်သိစိတ်အပြည့်ရှိတဲ့ တက်ကြွလှုပ်ရှားသော အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် အခိုင်အမာရပ်တည်နေကြောင်း သက်သေပြလိုက်တာပဲဖြစ်ပါတယ်။

ဒီဥပဒေကြမ်းရဲ့အခန်း(၁၁) ‘တားမြစ်ချက်များ’အပိုင်းကို လေ့လာကြည့်မယ်ဆိုရင် ပြည်သူတွေရဲ့ လုံခြုံရေးအတွက် အလွန်အရေးပါတဲ့ တားမြစ်ချက်တွေကို တိတိကျကျ ထည့်သွင်းပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဓိကအားဖြင့် အွန်လိုင်းလိမ်လည်သူတွေ အမြဲတမ်းအသုံးပြုလေ့ရှိတဲ့ ဆင်းဘောက်စ်(SIM Box)တွေ၊ သတ်မှတ်ချက်နဲ့ မကိုက်ညီတဲ့ ဂြိုဟ်တု ဆက်သွယ်ရေးကိရိယာတွေနဲ့ တရားမဝင်ဆော့ဖ်ဝဲလ်နည်းပညာတွေကို ခွင့်ပြုတာ၊ လက်ဝယ်ထားရှိတာနဲ့ အသုံးပြုတာတွေကို လုံးဝပြတ်ပြတ်သားသား တားမြစ်ပိတ်ပင်ထားပါတယ်။

ဒါ့အပြင် ပြည်သူတွေရဲ့ကိုယ်ရေးအချက်အလက်တွေကို အလွဲသုံးစားမလုပ်နိုင်အောင် အခြားသူတစ်ယောက်ရဲ့ နာမည်၊ မှတ်ပုံတင် အချက်အလက်တွေကို သုံးပြီး ဆင်းကတ်ဝယ်ယူတာတွေ၊ ဘဏ်အကောင့်တွေနဲ့ ဒစ်ဂျစ်တယ်ပိုက်ဆံအိတ် (Digital Wallets) တွေ ဖွင့်လှစ်တာကိုလဲ အခိုင်အမာတားမြစ်ထားပါတယ်။ ဒီလိုတင်းကျပ်လိုက်တဲ့ တားမြစ်ချက်တွေဟာ လိမ်လည်သူတွေရဲ့ နောက်ကွယ်ကနေ အဓိကကြိုးကိုင်လှုပ်ရှားနေကြတဲ့ အကောင့်ပွဲစားတွေနဲ့ ဆင်းကတ်မှောင်ခိုသမားတွေရဲ့ လမ်းကြောင်းတွေကို အသေအချာ ပိတ်ဆို့လိုက်တာဖြစ်ပြီး ပြည်သူတွေရဲ့အချက်အလက်လုံခြုံရေးကို အပြည့်အဝကာကွယ်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

ပိုပြီးပြည့်စုံတဲ့ ကာကွယ်မှုအနေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေ၊ ဘဏ်နဲ့ ငွေကြေးအဖွဲ့အစည်းတွေ၊ အင်တာနက် ဝန်ဆောင်မှုပေးသူတွေ လိုက်နာရမဲ့ တာဝန်ဝတ္တရားတွေကို ပြဋ္ဌာန်းထားတဲ့အပြင် လူတစ်ဦးကို မတရားသွေးဆောင်ခေါ်ဆောင်တာ၊ လုပ်အားခေါင်းပုံဖြတ်ပြီး အတင်းအဓမ္မခိုင်းစေတာတွေနဲ့ လူကုန်ကူးမှုနဲ့ပတ်သက်နေတဲ့ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နေတာတွေကိုပါ ပြင်းပြင်းထန်ထန် တားမြစ်ထားပါတယ်။ အထူးသဖြင့် ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ ဒစ်ဂျစ်တယ်ငွေကြေးလိမ်လည်မှု (Crypto Scam)တွေကိုပါ ဘယ်သူမှကျူးလွန်ခြင်းမပြုရဆိုပြီး ဥပဒေလမ်းကြောင်းအရ အတိအလင်းကြိုတင်ထည့်သွင်း ပြဋ္ဌာန်းထားတာကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားပုံကိုထင်ရှားစွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းရဲ့ အခန်း (၁၂) မှာ ပြစ်မှုကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူနိုင်ဖို့ ပြစ်မှုနဲ့ ပြစ်ဒဏ်တွေကို တိတိကျကျ ရေးဆွဲပြဋ္ဌာန်းထားသလို၊ အခန်း (၁၃) အထွေထွေအပိုင်းမှာဆိုရင်လဲ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ရှေ့တန်းကနေ မားမားမတ်မတ်ရပ်တည်လုပ်ဆောင်ပေးနေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပုဂ္ဂလိကဝန်ထမ်းတွေကို ဥပဒေအရ အပြည့်အဝကာကွယ်ပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ပြစ်မှုတစ်ခုခုကို သံသယရှိလို့ဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ လိမ်လည်သူရဲ့ ဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ပိတ်သိမ်းပေးခဲ့တဲ့ ဘဏ်နဲ့ငွေရေးကြေးရေးအဖွဲ့အစည်းက တာဝန်ရှိသူတွေကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဘယ်တရားရုံးမှာမှ တရားစွဲဆိုခြင်းမခံရအောင် ဥပဒေနဲ့ အခိုင်အမာ အကာအကွယ်ပေးထားတာဟာ အလွန်ပဲအားရ ကျေနပ်စရာကောင်းပါတယ်။

နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားစွာ ဦးဆောင်လမ်းညွှန်မှုကြောင့် ပေါ်ပေါက်လာမဲ့ ‘အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ’ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ အန္တရာယ်ဆိုးကြီးကနေ ရေရှည်စိတ်ချယုံကြည်စွာကာကွယ်ပေးသွားမဲ့ အလွန်ခိုင်မာအားကောင်းတဲ့ ဥပဒေအကာအကွယ်ကြီးတစ်ခု ဖြစ်လာတော့မယ်ဆိုတာ အသေအချာပါပဲ။

**နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားစွာ ဦးဆောင်လမ်းညွှန်မှုကြောင့် ပေါ်ပေါက်လာမဲ့ ‘အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ’ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ အန္တရာယ်ဆိုးကြီးကနေ ရေရှည်စိတ်ချယုံကြည်စွာကာကွယ်ပေးသွားမဲ့ အလွန်ခိုင်မာအားကောင်းတဲ့ ဥပဒေအကာအကွယ်ကြီးတစ်ခုဖြစ်လာတော့မယ်ဆိုတာ အသေအချာပါပဲ။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ဒီဥပဒေကြမ်းမှာပါဝင်တဲ့ အနှစ်သာရတွေကို ပိုမိုလွယ်ကူစွာသိရှိနားလည်နိုင်စေရန်နဲ့ လိုအပ်တဲ့အပြုသဘောဆောင်သော အကြံပြုချက်များရှိလာခဲ့ပါက ပြည်ထောင်စုလွှတ်တော်ရုံးထံသို့ တိုက်ရိုက်လိပ်မူပေးပို့နိုင်တဲ့အကြောင်း နိုင်ငံ့အကျိုးနဲ့ ပြည်သူ့အကျိုးကိုရှေးရှုလျက် လေးစားစွာဖြင့် တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။**

ဒါကြောင့် ပြည်သူလူထုအနေနဲ့ ဒီဥပဒေကြမ်းမှာပါဝင်တဲ့ အနှစ်သာရတွေကို ပိုမိုလွယ်ကူစွာ သိရှိနားလည်နိုင်စေရန်နဲ့ လိုအပ်တဲ့ အပြုသဘောဆောင်သော အကြံပြုချက်များရှိလာခဲ့ပါက ပြည်ထောင်စုလွှတ်တော်ရုံးထံသို့ တိုက်ရိုက်လိပ်မူပေးပို့နိုင်တဲ့အကြောင်း နိုင်ငံ့အကျိုးနဲ့ ပြည်သူ့အကျိုးကိုရှေးရှုလျက် လေးစားစွာဖြင့် တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။

**ဝေယံလု**

# President of the Republic of Union of Myanmar U Min Aung Hlaing addresses Union government meeting

# By drawing lessons from past experiences, we must strive to strengthen our political, economic, and defense might, while elevating national dignity on the international stage through strong leadership



President U Min Aung Hlaing addresses the Union government meeting.

**Nay Pyi Taw May 26**

The Union government of the Republic of Union of Myanmar held a meeting at the Union government meeting hall of President's Office in Nay Pyi Taw this morning, addressed by President U Min Aung Hlaing.

Also present were Vice Presidents U Nyo Saw and Daw Nang Ni Ni Aye, union ministers, the Nay Pyi Taw Council chairman. Region/state chief ministers attended the meeting through video conferencing.

**Political developments throughout the successive periods in the country**

In his keynote address, the President said up to now, the government has been in the office for one and a half month. In reviewing the experience of the history, we will have to weigh the internal situation during the period from the time the country gained independence to this date and the international relations. During the early post-independence, the country had to overcome internal armed conflicts, instability and foreign intrusion. Political conflicts grew larger resulting from the appearance of the right to secession of the states due to the weakness of the1947 Constitution. The ruling party split into different factions, and the nation lacked political stability and security. As a result, the Caretaker Government had to assume the responsibilities of the State in 1958 and the Revolutionary Council started to shoulder the duties of the State in 1962.

During the time, all the political leaders, youth, and Tatmadaw officials had knowledge of socialism, while democracy system, liberalism and socialism were vying with one another. Later, violent protests broke out as the persons who favoured democracy, capitalism and liberalism had no political exit. Disagreements in relation with the economy broke out in the ruling party and at the same time, ethnic armed conflicts were also escalating

Regarding the international relations, the country had good relations with the UN at that time, and leaders who served at the global body came out. But when Kuomintang intrusion occurred, there surfaced frictions in the relations. After the establishment of the SEATO, certain ethnic groups that want to leave the Union made contract with it, causing pressures in the international relations sector. There were disturbances to prevent Myanmar from adopting the socialist system. Myanmar realized the Burmese (Myanmar) Way of Socialism at the time when political rivalry was intense in the world.

When the country was on its way to democratization, NGOs and INGOs entered the country that was receiving assistance from foreign countries. Countries that favoured democracy were assisting Myanmar at that time. The population and housing censuses collected in 1973 and 1983 showed that the country had weakness in the education sector since then. Taking the weakness as an opportunity, NGOs and INGOs made instigations to create a negative view of the government and to turn against it. The application for less developed country (LDC) status to receive external assistance due to weakness in progress had degraded trust in the State. Disturbances broke out in 1988 resulting from a drop in the national economy, mismanagements, socio-economic hardships, and a demonetization declaration.

The country was not an ASEAN member state at that time. Besides, the country faced the attempts of certain powers to drive it towards their chosen path. Although the country was regularly attending the UN conference, its involvement in international affairs and UN activities was low. Decline in the economy and lack of peace and stability drew international contempt. The country's GDP and production capacity were very low, and the national economy mainly depended on natural resources exports. SLOC organized the National Convention to adopt multiparty democracy, but had to adjourn it due to various circumstances. But SPDC resumed the National Convention, and steered the country towards multiparty democracy.

The Tatmadaw assumed state responsibilities in 1988 and initiated internal peace efforts in 1989, leading to ceasefire agreements through mutual understanding. At that time, the country was facing significant political and economic challenges. Subsequently, the nation began transitioning toward a multi-party democratic system. In 2010, multi-party democratic elections were held, and the Tatmadaw guided the country onto the path of democracy. During the administration of President U Thein Sein in 2011, reforms necessary for democratic transition were implemented. As part of this democratic process, the Nationwide Ceasefire Agreement (NCA) was signed. During this period, the NLD entered the political arena following amendments to the election law. Western countries and organizations seeking influence over the nation allegedly exploited past incidents to create instability and attempted to shape a government aligned with their interests. NGOs and INGOs were also observed engaging in political activities and interfering in the country's internal affairs. During the 2020 multi-party democratic general election, foreign countries reportedly provided various forms of support to parties representing their interests. After the assumption of responsibilities in 2021, NGOs and INGOs were found to be involved with ethnic organizations. Recounting the country's history in this manner is intended to highlight the challenges faced throughout different periods. Union Ministers as well as Region and State Chief Ministers were urged to remain mindful of the historical experiences and difficulties the country has endured.

We must learn from past events and continue making every effort to prevent similar incidents from recurring in the future. It is essential to achieve political stability, strengthen the national economy, and bring an end to armed conflicts to ensure security and peace.

**International Relations**

Efforts must also be made to maintain strong and positive international relations. Union-level officials, Union ministers, and Region and State chief ministers need to engage with the international community through discussions and cooperation that will benefit the country. Politically, efforts will continue to strengthen the multi-party democratic system and build a Union based on democracy and federalism, with the understanding that the federal system being implemented is based on territorial administration rather than ethnicity. In terms of nationalism and national development, efforts will be directed toward ensuring the country's prosperity. To achieve this, it is necessary to create employment opportunities, sustainable jobs, and skill-development programs. While certain responsibilities must be undertaken by the central government, there are also important roles for Region and State governments to support and implement. Only through such collective efforts can the people secure better incomes, improve their socio-economic conditions, and strengthen their confidence in the national government.

**Adopt a broad perspective and approach in matters related to politics, the economy, and national security**

After assuming responsibilities, peace talks were invited within 100 days, and discussions are currently being held with some EAO groups at the grassroots level.

*See Page 13*

*From Page 12*

The PDF terrorist groups chose the armed path due to dissatisfaction with the political developments arising from alleged vote irregularities in the 2020 election. This situation emerged because both domestic and foreign political actors exploited weaknesses in the country's education system to influence and mobilize people for their own interests. Therefore, it has been repeatedly emphasized that the country's education system must be reformed. As stability and peace are essential for educational development, efforts will be made with a long-term vision to achieve lasting peace over the next five years. Regardless of how the government extends invitations for peace, armed groups themselves must genuinely desire peace with trust and conviction. It is also necessary for all sides to have the willingness to cooperate for the country's development. Political, security, and economic weaknesses must be carefully assessed and addressed through reforms. Lessons must be drawn from both the historical and contemporary experiences the country has undergone, while striving to strengthen political, economic, and defense capabilities through effective leadership and to enhance the nation's standing in the international community. Union-level officials, Union Ministers, and Region and State Chief Ministers were urged to adopt broad perspectives and take comprehensive approaches in matters concerning politics, the economy, and national security.

He mentioned that we are practicing a multi-party democratic system and the Constitution (2008) has already prescribed the powers of the central government as well as the powers according to regions and states. He stated that in terms of legislation, remaining matters to be carried out according to regions, states, and self-administered divisions need to be implemented, and progress must be made within the next 6 months. He noted that the Union and region and state governments need to work in harmony to successfully achieve and advance their activities. He added that although the Union level does not execute the work directly, it can operate by providing guidance and supervising how tasks should be carried out.

He noted that the proportion of the population within the working-age range able to work in our country is observed to be declining, and regions and states are also experiencing labor shortage problems. He stated that on the other hand, it is also said that there are people moving to places where employment is available due to a scarcity of jobs. He observed that although our country already possesses natural resources and good foundations to carry out businesses, job opportunities remain scarce because the actual capacity to work is weak. He added that agriculture and livestock farming, which are the main businesses of the country, still significantly require human resources capable of operating skillfully. He explained that the labor shortage is also caused by people doing casual jobs instead of skilled work, working in illegal resource extraction industries, and going abroad to work as laborers. Therefore, he urged the Union level, as well as individual regions and states, to create initiatives to increase job opportunities and enable employment.

Regarding land use, the Farmland Law and laws relating to vacant and fallow lands have already been enacted, and it is necessary to operate only in accordance with the prescribed permissions. He stated that because there has been a lack of strict supervision in line with the laws enacted by the State, difficulties are being encountered in carrying out national development activities. Therefore, he noted that it will be necessary to know and comply with the issued laws, rules, and regulations, and it is necessary to dutifully fulfill one's assigned tasks and responsibilities. He added that officials need to supervise land use to ensure it is orderly and systematic.

**The State will do its utmost to ensure that all school-aged children can pursue education**

Regarding political differences, he said that at present, the government led by himself, which was elected by the people, is taking responsibility. He stated that political developments have been firmly established and there is no reason for differences, so it is necessary to work together on the peaceful path of democracy. Regarding schools, he noted that the school enrollment season has now arrived. He added that the State will do its utmost to ensure that all school-aged children can pursue education. He explained that compulsory education up to KG+9 must be implemented and access to education must be provided in all schools. He mentioned that only by encouraging education will job opportunities emerge in rural areas, and it is necessary to realize that if school education is not encouraged, our children will face a difficult journey in life in the future. He stressed that only when educational standards rise nationwide will national development occur much faster. Regarding education, he noted that it is necessary to ensure that schools are orderly and meet prescribed standards. In line with the motto "Be happy at school and excel in study," he urged them to fulfill necessary requirements to ensure all schools are clean, pleasant, and beautiful, and to improve basic infrastructure.

Regarding cooking oil sufficiency, he stated that we have to import it from abroad every year, and since oilseed crops are also cultivated domestically every year, having to import from abroad should not be the case. He noted that regions and states cultivating domestic oilseed crops such as peanuts, sesame, sunflower, and soybeans need to operate and cultivate to increase their yields. He added that alongside oilseed crop cultivation, beekeeping can also be carried out successfully and it is a partner business that will yield mutual benefits.

In connection with the cultivation of coffee, Myanmar's coffee is well-known but fails to export it to meet the market demand. Therefore, it is necessary to expand coffee cultivation to meet the export demand.

Expansion of tree planting, conservation of existing ones and designating heat shelter sites must be carried out by taking high-temperature areas in the last summer. Healthcare for the elderly in such places must be consistently provided and regional governments are required to find out ways and means to help them overcome the heat most comfortably. Efforts must be made to plant trees successfully during the tree-planting season in 13 districts under dry-zone greening plans.

In connection with expenditure, budgets allocated for development tasks must be spent correctly and most beneficially and as returning budget allocations as surplus without spending amounts to losses for the country, they must be spent correctly and responsible officials who supervise and review budget allocations are required to perform their duties responsibly.

**Union ministers report to President**

Then, union ministers reported to the President on relevant sectors.

**Additional remarks made**

After hearing the reports, the Presidents said responsible officials from regional and state governments are required to make field trips together with relevant organizations to launch combat against online scams and gambling effectively. To control the rising prices of fuel, the government has taken measures to regulate the use of vehicles and sales of fuel and as a result, it can be seen that the prices of fuel have dropped moderately. Responsible officials are required to supervise the situation systematically on the ground to control the current situation. In connection with agriculture and agricultural equipment loans, as it was found that the government has to bear billions of bad loans because there were some farmers who failed to repay the loans, relevant ministries and regional and state governments are required to exert concerted efforts to collect the loans to the full extent and to eliminate bad loans.

**Reconstruction of public buildings damaged in Chin State**

Afterward, the President made concluding remarks, saying the government has been transporting construction materials necessary for reconstruction of hospitals, schools, government and departmental offices and religious edifices damaged during armed conflicts as soon as possible. Priority will be given to hospitals and schools while efforts will be made to repair public markets and other departmental buildings. In carrying out rehabilitation tasks in Chin State, I would like to urge regional and state governments to offer help while the government has been taking necessary measures.

**Uplifting the sport sector amounts to safeguarding the State**

As for sports, the spiritual strength of the country can be expressed through sports and it can be seen that it is still necessary to make efforts to achieve more success although moderate success was achieved in regional sports events. I want athletes with high quality and morale to be selected to compete in sports events. To achieve success in sports, it is necessary to carry out reforms starting from sports federations. The government has been providing assistance for sports grounds and stadiums to be systematic and to meet standards. Athletes must be trained under sport technique instructors and fitness instructors to enable them to compete systematically and healthily. Efforts must be made to properly select and nurture athletes for respective sports systematically since their childhood. It is necessary to systematically cultivate athletes who are honoured by hoisting the national flag of the country and to organize sporting events without interruption. Achievements in the sports sector will boost patriotism and uplifting the sports sector amounts to safeguarding the State or building the nation. In conclusion, the President urged all to make efforts to boost the sports sector.

100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pyithu Hluttaw Speaker U Khin Yi meets Pyithu Hluttaw representatives of Mandalay Region



Pyithu Hluttaw Speaker U Khin Yi meets Pyithu Hluttaw representatives of Mandalay Region.

**Mandalay May 26**

Pyithu Hluttaw Speaker U Khin Yi held a meeting with Pyithu Hluttaw representatives of Mandalay Region at the Thabin Hall of Mandalay Region Hluttaw office this afternoon.

At the meeting, the Speaker delivered a speech, saying that Hluttaw representatives are currently actively and energetically carrying out their duties for the benefit of both their constituents and the State. In doing so, they are expected to ensure that there are no procedural errors. A Hluttaw is an institution composed of public representatives who have been elected and entrusted with responsibilities in accordance with the will of the people from their respective constituencies.

Legislative work is the primary responsibility of the Hluttaw, and the Hluttaw has the duty to ensure that citizens are able to live peacefully and comfortably under the protection of the law. Therefore, existing laws that are no longer appropriate for the current system and era need to be systematically reviewed and, where necessary, amended, supplemented, and enacted. It is also necessary to study and assess the current situation and promulgate laws that are in line with the times. Regarding online fraud, the Anti-Online Scam Bill has already been prepared in order to effectively prevent and suppress such activities. In addition, the Hluttaw will prioritize the enactment of this bill into law during the upcoming second regular session.

It is understood that the public also places hopes and trust in the Hluttaw. Therefore, Hluttaw representatives, when submitting and raising questions, need to present matters that reflect the real needs of the people. They are also required to have a detailed understanding of their respective constituencies and the wishes of their voters. Only then will they be able to timely present and address the needs of the people in Hluttaw. The Hluttaw should also continuously observe and study the implementation of the government's 100-day plan, and cooperate in matters that require coordination from the Hluttaw side. Only when the Hluttaw and the government work together in close coordination and partnership can national development and the genuine needs of the people be effectively fulfilled.

In order to support legislative work, Hluttaw representatives are required to continuously study State-owned newspapers and current international news in order to understand government policies. Hluttaw representatives should also carry out their duties without partisan bias, ethnic bias, or ideological bias, and should instead prioritize the interests of the State and its citizens. They are expected to work toward making their current Hluttaw term more effective and improved. They must strive to become representatives who address the difficulties of the people and who are worthy of the public's trust. It was also stated that this Hluttaw is expected to be a particularly people-oriented and publicly beneficial Hluttaw.

Speaker of Mandalay Region Hluttaw U Aung Kyaw Moe reported on the undertakings of third Mandalay Region Hluttaw, and the Pyithu Hluttaw Speaker gave necessary instructions.

After the meeting, the Speaker inspected the convention hall of the Mandalay Region Hluttaw and signed the guests' book.

The Pyithu Hluttaw Speaker also met MSME entrepreneurs and town elders of Mandalay Region. At the meeting, the Speaker said that the Hluttaw is an institution composed of Hluttaw representatives elected by the relevant voters through free and fair elections, in accordance with their preferences. Since Hluttaws are formed by representatives chosen according to the will of the people, they are the closest institution to the public. The Hluttaw has the responsibility to ensure that citizens fully enjoy the rights guaranteed under the Constitution. It is also working to become a trusted institution for the people by coordinating efforts between the public and the government to fully implement the needs of the people. Therefore, town elders, community leaders, and businesspersons are encouraged to openly and frankly present any difficulties they are facing, as well as matters that require the State's assistance and support, so that the Hluttaw can coordinate and facilitate necessary actions. The Hluttaw will also coordinate with the relevant authorities and, where necessary, make efforts to amend, supplement, or enact new laws accordingly.

The meeting attendees participated in discussions. In response, the Speaker pledged that the Hluttaw will review them in accordance with laws, rules, and procedures with regard to the submissions presented today concerning individual-level difficulties, public or collective issues, and MSME-related challenges that support national development. Where necessary, it will coordinate and resolve such matters and work toward enacting them into law through the legislative process. After the meeting, the Speaker cordially greeted the attendees. 100

# Sagaing Township to grow more than 16,000 acres of cotton this year

**Sagaing May 26**

Local authorities have decided to grow more than 16,000 acres of cotton as monsoon crops in Sagaing Township of Sagaing Region this year, according to the township Agriculture Department.



Photo shows a large sugarcane plantation.

During the 2026-2027 monsoon crop cultivation season, Sagaing Township has targeted the cultivation of 16,822 acres of cotton, with planting to be carried out from May through September this year.

"This year, during the monsoon cultivation season, more than 16,000 acres of cotton are targeted for cultivation in Sagaing Township. Arrangements are being made for planting to begin within this month. Efforts will be made to meet the target acreage. To support cotton production, high-quality pure cotton seed varieties will be supplied so that farmers can easily plant them in time for the cultivation season," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the relevant Township Agriculture Department has been providing technical training to cotton farmers in Sagaing Township on obtaining high-quality cotton seed varieties, preventing pests and diseases to ensure successful crop production, and applying correct cultivation methods to improve yields. Necessary technical assistance for cotton growers will also continue to be provided.

The cultivation cost for cotton is about K350,000 per acre, and the yield is around 1,000 viss per acre.

In cotton cultivation, farmers can also practise intercropping with other crops such as onions as a pre-crop and pigeon pea as a companion crop, enabling them to obtain additional harvests and increase their income.

Cotton is being successfully cultivated and produced in 19 townships across Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts in Sagaing Region. 206

# Three more illicit four-storey residential buildings used for online gambling and scamming operations in Shwe Kokko Area systematically demolished

Before demolition.



After demolition.



The building used for illegal online gambling operations in Shwe Kokko region, Myawady District, Kayin State, demolished by machinery.

Before demolition.



After demolition.



The building used for illegal online gambling operations in Shwe Kokko region, Myawady District, Kayin State, demolished by machinery.

**Nay Pyi Taw May 26**

The Government of Myanmar, while prioritizing national stability, rule of law, and development efforts, is systematically dismantling illegal online gambling and scamming operations that harm the interests of the state and the public. As part of this ongoing process, security forces, administrative bodies, local authorities, and joint teams are working together to clear out and destroy the equipment used in online gambling and scam operations, as well as to systematically demolish the illegal buildings in Shwe Kokko and KK Park areas, preventing such activities from taking place.

Today, within the Shwe Kokko area, three four-storey residential buildings—part of 77 structures used for online gambling and scamming—were systematically demolished using vehicles and machinery. With this operation, a total of six buildings have now been destroyed, leaving 71 remaining illegal buildings yet to be demolished. Authorities have confirmed that the remaining structures will continue to be systematically destroyed.

The government considers the fight against online gambling and scamming operations as a national duty and will continue efforts, both through domestic forces and in coordination with neighboring countries, to ensure that such activities have no foothold in Myanmar.

100

# Budalin Township plans to grow more than 1,000 acres of lablab bean this monsoon

**Budalin May 26**

An official from Budalin Township Agriculture Department of Sagaing Region said that local farmers decided to plant more than 1,000 acres of lablab bean in Budalin Township in coming monsoon.

During the 2026–2027 monsoon crop cultivation season, Budalin Township has targeted the cultivation of 1,320 acres of lablab bean, with planting to be carried out from June through September this year. Preparations are also underway to ensure successful cultivation.

"This year, during the monsoon cultivation season, more than 1,000 acres of lablab bean are targeted for cultivation in Budalin Township. Efforts will be made to meet the target acreage. In order to improve the yield and quality of pulse crops, necessary support such as high-quality pure seeds, agricultural inputs, and post-harvest technology training will be provided in cooperation with farmers," said U Phyo Wai, Head of the Agriculture Department in Budalin Township.

For farmers cultivating lablab bean in Budalin Township, the Township Agriculture Department will carry out awareness and extension activities to help expand cultivation areas, improve crop yields, promote cultivation using GAP methods, encourage the use of high-quality pure seeds, and support the cultivation of high-yield varieties.

The crops planted in GAP system can be higher in quality compared to other crops. The GAP applied crops can fetch high prices in the domestic market and be exported to foreign market due to its high quality, benefiting the farmers. 206

# Farmers to grow more than 10,000 acres of groundnut in Shwebo Township

**Shwebo May 26**

Statistics of Shwebo Township Agriculture Department stated that local authorities earmarked cultivation of more than 10,000 acres of groundnut in Shwebo Township of Sagaing Region this monsoon.

During the 2026-2027 monsoon crop cultivation season, Shwebo Township has targeted the cultivation of 10,370 acres of groundnut, and at present farmland is being ploughed in preparation for planting the crop.

"This year, during the monsoon cultivation season, more than 10,000 acres of groundnut are targeted for cultivation in Shwebo Township. Arrangements are being made to plant the crop within this month. Efforts will also be undertaken to ensure the target acreage is fully achieved. As an oilseed crop, groundnut cultivation is in a successful condition. The number of sown acreage of groundnut is on the rise year by year," said U San Oo, Township Head of the Agriculture Department in Shwebo Township.

In Shwebo Township, one and a half baskets of seed are required per acre for groundnut cultivation. Including seed costs, labor charges, fertilizer, and pesticide expenses, the cultivation cost exceeds K200,000 per acre. The yield is more than 50 baskets per acre.

Officials of the township Agriculture Department make field trips to the crop plantations to check where groundnut plantations thrive or not, and manage prevention of pests and weeds. 206

# Ridge gourd in high demand at domestic market in Pantanaw Township

**Pantanaw May 26**

Daw Myat Maw, the owner of green grocery whoelsale depot in Pantanaw Township of Ayeyawady Region, said that ridge gourds are in high demand at the domestic market in Pantanaw Township.

In Pantanaw Township, locally produced ridge gourds have been traded at fresh produce markets from the second week of May this year up to the present day. Demand has been strengthening, with daily purchases currently ranging from 25,000 to 45,000 gourds, leading to brisk sales. The market price has reached up to K27,500 per 100 gourds.

"The ridge gourds produced in this area are being purchased in large quantities by other townships. At present, up to 45,000 ridge gourds are being traded daily. Ridge gourd is one of the local products of Pantanaw Township. The ridge gourds currently selling well are of good quality. Since they are locally produced, consumers can enjoy affordable, clean, and fresh food products. Other regions are also purchasing ridge gourds from this local fresh produce market. As demand for these locally produced ridge gourds has increased, opportunities for vegetable farmers have become more favorable," said Daw Myat Maw.

At present, seasonal local vegetables, including ridge gourds, are being harvested in Pantanaw Township. Due to the strong demand and brisk sales of ridge gourds, preparations are being made to expand cultivation further. Since only local products are being sold, transportation costs are lower, and only fresh produce is traded, providing various benefits.

Kyaw Kyaw Lin

ရှေ့ဖုံးမှအဆက်

Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံတော်တွင် နိုင်ငံရေးအရ ခေတ်အဆက်ဆက်ဖြစ်ပေါ်ပြောင်းလဲမှုများ**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့သည်မှာတစ်လခွဲကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ **နိုင်ငံတော်တွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို ပြန်လည်သုံးသပ်ကြည့်ရမည်ဆိုပါက လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ ပြည်တွင်းနိုင်ငံရေးအခြေအနေများ၊နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့် ချိန်ထိုးသုံးသပ်ရမည်ဖြစ်**ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ မတည်ငြိမ်မှုများနှင့် ပြည်ပကျူးကျော်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် ပြည်နယ်များခွဲထွက်ခွင့်များဖြစ်ပေါ်လာရာမှ နိုင်ငံရေးပဋိပက္ခများ ပိုမိုကြီးမားလာခဲ့ခြင်း၊ အာဏာရပါတီအတွင်း အုပ်စုကွဲခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရ တည်ငြိမ်မှုများမရှိခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရက တာဝန်ယူခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ရကြောင်း။

ယင်းအချိန်တွင် နိုင်ငံရေးဦးဆောင်သူများ၊ လူငယ်များ၊ တပ်မတော်မှ တာဝန်ရှိသူများအားလုံးတွင် ဆိုရှယ်လစ်နှင့် ပတ်သက်သည့်အသိများရှိထားကြသည့် အချိန်ဖြစ်ပြီး ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ်တို့နှင့် ဆိုရှယ်လစ်စနစ်တို့ အားပြိုင်နေသည့်အခြေအနေဖြစ်ကြောင်း၊ ထို့နောက် ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ်ကို ကြိုက်သည့်သူများအနေဖြင့် နိုင်ငံရေးထွက်ပေါက်မရှိသဖြင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လာခဲ့ကြောင်း၊ အာဏာရပါတီအတွင်း၌လည်း စီးပွားရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများလည်း ပိုမိုကြီးထွားလာခဲ့ကြောင်း။

ထိုအချိန်တွင် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့်ဆက်ဆံရေးတွင် ကောင်းမွန်ခဲ့သည်ကိုတွေ့ရပြီး ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ခေါင်းဆောင်များလည်း ပေါ်ပေါက်လာခဲ့ကြောင်း၊ သို့သော် တရုတ်ဖြူကျူးကျော်မှုဖြစ်ပွားချိန်တွင် အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ SEATO အဖွဲ့ပေါ်ပေါက်လာချိန်တွင် ပြည်ထောင်စုကြီးမှခွဲထွက်လိုသည့် တိုင်းရင်းသားအဖွဲ့များ အနေဖြင့်လည်း အဆိုပါအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ဖိအားများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ဆိုရှယ်လစ်စနစ်ကို မကျင့်သုံးနိုင်စေရေး အနှောင့်အယှက်ပေးမှုများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်တွင် ကမ္ဘာပေါ်၌ နိုင်ငံရေးလမ်းစဉ်များနှင့် ပတ်သက်၍




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

အားပြိုင်မှုများ ပြင်းထန်နေသည့်အချိန် ဖြစ်ကြောင်း။

ယင်းနောက် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်ဆောင်ရွက်ချိန်တွင် NGO၊ INGOများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ပြည်ပနိုင်ငံများမှ အထောက်အပံ့များရယူခဲ့ကြောင်း၊ ထိုအချိန်တွင် ဒီမိုကရေစီစနစ်ကို လိုလားသည့်နိုင်ငံများက မိမိတို့နိုင်ငံကို ကူညီဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုအချိန်ကတည်းက မိမိတို့နိုင်ငံသည် ပညာရေးအရ အားနည်းချက်များရှိခဲ့သည်ကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများအရ တွေ့ရှိနိုင်ကြောင်း၊ အဆိုပါအားနည်းချက်ပေါ်တွင် အခွင့်ကောင်းယူ၍ NGO၊ INGO အဖွဲ့အစည်းများက အစိုးရအပေါ် မကောင်းမြင်စေရန်နှင့် အစိုးရအပေါ် ဆန့်ကျင်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ဖွံ့ဖြိုးမှုအားနည်းမှုကြောင့် ပြည်ပအကူအညီများရရှိရန် LDC နိုင်ငံအဖြစ်သို့ လျှောက်ထားခဲ့မှုအပေါ် နိုင်ငံတော်အပေါ်ယုံကြည်မှုအားနည်းစေခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံ့စီးပွားရေးမှာကျဆင်းလာခြင်း၊ စီမံခန့်ခွဲမှုလွဲမှားမှုများဖြစ်ပေါ်ခြင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ အခက်အခဲများဖြစ်ပေါ်ခဲ့ရပြီး ငွေစက္ကူတရားမဝင်ကြေညာမှုများဖြစ်ပေါ်ခြင်းတို့ကြောင့် အရေးအခင်းဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်ကိုတွေ့ရှိရကြောင်း။

အဆိုပါအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်မဖြစ်သေးကြောင်း၊ မိမိတို့နိုင်ငံအပေါ် အချို့အင်အားကြီးနိုင်ငံများက ၎င်းတို့အလိုကျဖြစ်အောင်ဆောင်ရွက်ခဲ့ကြသည်များလည်းရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂညီလာခံပုံမှန်တက်ရောက်ခဲ့သော်လည်း နိုင်ငံတကာရေးရာနှင့် ကုလသမဂ္ဂနယ်ပယ်များတွင် ပါဝင်မှုနည်းပါးခဲ့သည်ကို တွေ့ရှိနိုင်ကြောင်း။

ထိုအချိန်တွင် စီးပွားရေးကျဆင်းခြင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် နိုင်ငံတကာမှ အထင်အမြင်သေးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံ၏ GDP မှာလည်း များစွာနည်းပါးခဲ့ပြီး ကုန်ထုတ်လုပ်မှုများလည်း များစွာနည်းပါးခဲ့ကြောင်း၊ သယံဇာတများ ထုတ်ယူရောင်းချပြီး တိုင်းပြည်စီးပွားရေးကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊

**နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မည်ကဲ့သို့ပင် ဖိတ်ခေါ်ကမ်းလှမ်းနေသည်ဖြစ်စေ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက်ရှိစွာဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရန်လည်း လိုအပ်မည်ဖြစ် . . .**

နိုင်ငံရေးအရပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် နဝတခေတ်တွင် အမျိုးသားညီလာခံကိုကျင်းပပြုလုပ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရကြောင်း၊ နယကခေတ်တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြုလုပ်ပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးကိုဆောင်ရွက်ခဲ့ကာ နှစ်ဖက်သဘောတူညီချက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိုဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်သည် နိုင်ငံရေးအရ၊ စီးပွားရေးအရ အဘက်ဘက်မှကျပ်တည်းခဲ့သည့်ကာလဖြစ်ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေးစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေးလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ထိုသို့ဒီမိုကရေစီလမ်းကြောင်းပေါ်သို့လျှောက်လှမ်းချိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည့်အတွက် NLD ပါတီအနေဖြင့် နိုင်ငံရေးတွင်ပါဝင်လာခဲ့ကြောင်း၊ နိုင်ငံတော်ကို ခြယ်လှယ်ချုပ်ကိုင်လိုသည့် အနောက်အင်အားကြီးနိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တွင် တည်ငြိမ်မှုမရှိစေရေးအတိတ်ဖြစ်ရပ်များဖြင့် ပြန်လည်လှုံ့ဆော်၍ ၎င်းတို့လိုသလို ပုံသွင်းနိုင်မည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာရေး

ဦးတည်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် နိုင်ငံရေးတွင်ပါဝင်ပတ်သက်လာခဲ့ပြီး မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလတွင်လည်း ပြည်ပနိုင်ငံများမှ ၎င်းတို့၏သဘောဆန္ဒများကို ဖော်ဆောင်ပေးနိုင်သည့်ပါတီကို နည်းလမ်းပေါင်းစုံဖြင့် ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မိမိတို့တာဝန်ယူချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပါဝင်လာခဲ့မှုများရှိကြောင်း၊ **ယခုကဲ့သို့ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းသည် မိမိတို့နိုင်ငံဖြတ်သန်းခဲ့သည့်ဖြစ်စဉ်များတွင် ရင်ဆိုင်နေရသည့်ပြဿနာများကို ပြောကြားခြင်းဖြစ်**ကြောင်း၊ နိုင်ငံတော်တွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများကို ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သတိချပ်ကြစေလိုကြောင်း။

မိမိတို့အနေဖြင့် **အတိတ်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တွင် သင်ခန်းစာယူ၍ နောင်အနာဂတ်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုးဖြစ်ပေါ်လာခြင်းမရှိစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ နိုင်ငံရေးအရတည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ရမည်၊ စီးပွားရေးအရ အားကောင်းအောင်ဆောင်ရွက်ရမည်၊ လုံခြုံရေးအရ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နိုင်ငံတကာဆက်ဆံရေး**

နိုင်ငံတကာဆက်ဆံရေးအနေဖြင့်လည်း ကောင်းမွန်မှုရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံတကာနှင့်ဆက်ဆံဆောင်ရွက်ရသည့်အခါ၌ မိမိတို့နိုင်ငံအတွက် အကျိုးရှိစေမည့်ပြောဆိုဆက်ဆံမှုများဖြစ်စေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီစနစ်ခိုင်ခိုင်မာမာဖြစ်စေရေးဆောင်ရွက်သွားမည်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုရအောင်တည်ဆောက်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဟုဆိုရာတွင် နယ်မြေဒေသကိုပေးသည့် ဖက်ဒရယ်ဖြစ်ပြီး လူမျိုးကိုပေးသည့် ဖက်ဒရယ်မဟုတ်သည်ကိုလည်းသိရှိနားလည်နိုင်ကြရန်လိုကြောင်း၊ အမျိုးသားရေးတွင် တိုင်းပြည်သာယာဝပြောရေးကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ အမှန်တကယ်အလုပ်လုပ်ကိုင်နိုင်စေရေး၊ လုပ်တတ်ကိုင်တတ်စေရေး ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဗဟိုအစိုးရက ဖန်တီးပေးရမည်များရှိသကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်က ဖော်ဆောင်ပေးရမည်များလည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် ၎င်းတို့အနေဖြင့် ဝင်ငွေကောင်းလာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်ကာ နိုင်ငံတော်အစိုးရအပေါ်တွင်လည်း ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း။

**နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်တွေးခေါ်ဆောင်ရွက်**

လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူခဲ့သည့်အချိန်တွင် ရက်ပေါင်း ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးခြင်းများကိုဆောင်ရွက်သွားနိုင်ရေးအတွက် ဖိတ်ခေါ်ခဲ့ပြီး လက်ရှိအချိန်၌ EAO အဖွဲ့အချို့နှင့်အောက်ခြေအဆင့်များတွင် ထိတွေ့မှုများဆောင်ရွက်နေပြီဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ မဲမသမာမှုများကြောင့်ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များအပေါ် ကျေနပ်လက်ခံနိုင်မှုမရှိခြင်းကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအခြေအနေသို့ ရောက်ရှိလာခြင်းသည် မိမိတို့နိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ကြခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ ပညာရေးကို မဖြစ်မနေပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရမည်ဟု အကြိမ်ပေါင်းများစွာ ပြောဆိုဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လည်း လိုအပ်မည်ဖြစ်သဖြင့် လာမည့် ငါးနှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မျှော်မှန်းချက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မည်ကဲ့သို့ပင် ဖိတ်ခေါ်ကမ်းလှမ်းနေသည်ဖြစ်စေ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက်ရှိစွာဖြင့် အမှန်**

**တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်၊နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လိုစိတ်ရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊** မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ လုံခြုံရေးအရ၊ စီးပွားရေးအရ အားနည်းချက်များဖြစ်ပေါ်လျက်ရှိသည်ကိုအလေးထား၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ်အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ကာကွယ်ရေးအားများတိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံဂုဏ်သိက္ခာကိုမြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်တွေးခေါ်ဆောင်ရွက်**ကြရန် အလေးထားမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်လည်း ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့်ကိစ္စရပ်များကို ဆောင်ရွက်သွားကြရန်လိုပြီး ယခုခြောက်လအတွင်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စု၊တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သဟဇာတဖြစ်ရန်လိုပြီး ပြီးမြောက်အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်အနေဖြင့် ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရသည် မဟုတ်သော်လည်း မည်ကဲ့သို့ဆောင်ရွက်ရမည်ကို နည်းလမ်းပြပေးခြင်း၊ စီမံကြီးကြပ်ခြင်းတို့ဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

မိမိတို့နိုင်ငံတွင် အလုပ်လုပ်ကိုင်ကြမည့် လုပ်နိုင်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိသည့် လူဦးရေနှုန်းထားအနေဖြင့် လျော့နည်းကျဆင်းလာသည်ကို တွေ့မြင်ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း အလုပ်သမားရှားပါးမှုပြဿနာကို ကြုံတွေ့ရလျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း အလုပ်အကိုင်ရှားပါးမှုကြောင့် အလုပ်အကိုင်ရှိသည့် နေရာများသို့ သွားရောက်နေကြသူများရှိသည်ဟုလည်းပြောဆိုကြကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရေမြေသယံဇာတနှင့် အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်နိုင်မှုအားနည်းကြသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးနေခြင်းဖြစ်သည်ဟုတွေ့မြင်ရကြောင်း၊ နိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များ များစွာလိုအပ်နေဆဲဖြစ်ကြောင်း၊ ကျွမ်းကျင်သည့် လုပ်ငန်းများကို လုပ်ကိုင်မှုမရှိဘဲ ကျပန်းအလုပ်များလုပ်ကိုင်ကြခြင်း၊ တရားမဝင် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများတွင် လုပ်ကိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ လုပ်သားအဖြစ်ဝင်ရောက်လုပ်ကိုင်နေခြင်းတို့ကြောင့် လုပ်သားများရှားပါးလာခြင်းလည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေးအလုပ်လုပ်ကိုင်နိုင်ရေးတို့အတွက် ဖော်ဆောင်ပေးသွားကြရန်လိုကြောင်း။

မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့် ပတ်သက်သည့် ဥပဒေများကိုပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့် ဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများ မရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့်ဥပဒေ၊စည်းမျဉ်းစည်းကမ်းများကို သိရှိကြရန်၊ လိုက်နာကြရန်လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုများနှင့်ပတ်သက်၍ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

> **ပညာရေးအားပေးမှသာ ကျေးလက်တွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမည်ဖြစ်ပြီး ကျောင်းပညာရေးကို အားပေးမှုမရှိပါက နောင်အနာဂတ်တွင် မိမိတို့ကလေးငယ်များအနေဖြင့် ဘဝလမ်းခရီးကို ခက်ခဲစွာဖြတ်သန်းရမည်ကို သတိပြုမိကြရန်လို . . .**
>
> **အွန်လိုင်းလောင်းကစားမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြေပြင်ကွင်းဆင်းပြီး အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်သွားရန်လိုအပ် . . .**

### ကျောင်းနေအရွယ်ကလေးငယ်များ အားလုံးပညာသင်ကြားနိုင်ရေး နိုင်ငံတော်က တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့်ပတ်သက်၍ ယခုအခါပြည်သူများကရွေးချယ်တင်မြှောက်သည့် မိမိဦးဆောင်သည့် အစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများကို ခိုင်ခိုင်မာမာဆောင်ရွက်ပေးထားပြီးဖြစ်ကာ သဘောထားကွဲလွဲရန်အကြောင်းမရှိသည့်အတွက် ငြိမ်းချမ်းသည့်ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အတူတကွအလုပ်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊** စာသင်ကျောင်းများနှင့်ပတ်သက်၍ ယခုအခါ ကျောင်းအပ်ရာသီသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များ အားလုံးပညာသင်ကြားနိုင်ရေး နိုင်ငံတော်က တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ KG+9 ထိ မသင်မနေရပညာသင်ကြားရေးကိစ္စရပ်များကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး ကျောင်းများအားလုံးတွင် ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ပညာရေးအားပေးမှသာ ကျေးလက်တွင်အလုပ်အကိုင်အခွင့်အလမ်းရရှိလာမည်ဖြစ်ပြီး ကျောင်းပညာရေးကို အားပေးမှုမရှိပါက နောင်အနာဂတ်တွင် မိမိတို့ကလေးငယ်များအနေဖြင့် ဘဝလမ်းခရီးကို ခက်ခဲစွာဖြတ်သန်းရမည်ကို သတိပြုမိကြရန်လိုကြောင်း၊** တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရည်မြင့်မားလာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ပိုမိုလျင်မြန်မြန်ဆန်စွာဖြင့် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းများစနစ်တကျဖြစ်စေရေး၊ သတ်မှတ်စံနှုန်းများကိုက်ညီမှုရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊**ကျောင်းနေပျော်၍ စာတော်ရမည်ဟူသည့်အတိုင်း ကျောင်းများအားလုံးသန့်ရှင်းသာယာလှပရေး၊အခြေခံအဆောက်အအုံများကောင်းမွန်စေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လို**ကြောင်း။

စားသုံးဆီဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် နှစ်စဉ်ပြည်ပမှတင်သွင်းနေရကြောင်း၊ ပြည်တွင်း၌လည်း ဆီထွက်သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိနေသဖြင့် ပြည်ပမှ တင်သွင်းနေရသည်မှာမဖြစ်သင့်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့် ဆီထွက်သီးနှံစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပိုမိုတိုးတက်ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်သွားရန် လိုကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့်အတူ ပျားမွေးမြူခြင်းကိုလည်း အောင်မြင်အောင်ဆောင်ရွက်နိုင်ပြီး နှစ်ဖက်အကျိုးရှိစေမည့် မိတ်ဖက်လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံကထွက်ရှိသည့် ကော်ဖီသည် နာမည်ရရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် တင်ပို့နိုင်မှုမရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီစွာထုတ်လုပ်တင်ပို့နိုင်ရေး တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြီးခဲ့သည့် နွေရာသီကာလအတွင်း အပူချိန်မြင့်မားခဲ့သည့်ဒေသများကို မှတ်သား၍ ယခုမိုးရာသီကာလအတွင်း သစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊ ရှိပြီးသားအပင်များကို ထိန်းသိမ်းခြင်း၊ အပူရှောင်နေရာများ သတ်မှတ်ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းဒေသများမှ **သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍လည်း အမြဲမပြတ်ကြည့်ရှုပေးရန်လိုပြီး ရာသီဥတုပြင်းထန်မှုဒဏ်ကို အသက်သာဆုံးနည်းလည်းဖြင့် ဖြတ်သန်းနိုင်ရေး ဒေသဆိုင်ရာအစိုးရများက နည်းလမ်းရှာဆောင်ရွက်ပေးသွားရန်လို**ကြောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးသတ်မှတ်ထားသည့် ၁၃ ခရိုင်အတွင်း လာမည့်သစ်ပင်စိုက်ရာသီတွင် အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုများနှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌အသုံးပြုရန် လျာထားသည့်ဘဏ္ဍာငွေများကို မှန်မှန်ကန်ကန်နှင့် အပြည့်အဝအကျိုးရှိအောင်သုံးစွဲသွားကြရန်လိုကြောင်း၊ ခွင့်ပြုငွေများကိုအသုံးချနိုင်မှုမရှိဘဲ ပိုလျှံငွေများအဖြစ် ပြန်လည်အပ်နှံခြင်းသည် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုပင်ဖြစ်သည့်အတွက် မှန်ကန်စွာသုံးစွဲအသုံးချနိုင်ရန် လိုကြောင်း၊ ကြီးကြပ်ကွပ်ကဲရန်၊ ပြန်လည်စိစစ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

### ဖြည့်စွက်မှာကြား

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက **အွန်လိုင်းလောင်းကစားမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြေပြင်ကွင်းဆင်းပြီး အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်သွားရန် လိုအပ်**ကြောင်း၊ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကိုထိန်းသိမ်းနိုင်ရန် နိုင်ငံတော်အစိုးရက မော်တော်ယာဉ်သုံးစွဲမှုနှင့် စက်သုံးဆီရောင်းချပေးမှုကို စနစ်တကျဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအချိန်တွင် စက်သုံးဆီဈေးနှုန်းသည် အထိုက်အလျောက်ပြန်လည်ကျဆင်းလာသည်ကိုတွေ့ရကြောင်း၊ ယခုအခြေအနေကိုထိန်းသိမ်းနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အောက်ခြေတွင် စနစ်တကျ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးကိရိယာချေးငွေများနှင့် စပ်လျဉ်း၍ ကြွေးမဆပ်သည့် တောင်သူအချို့ရှိခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် ရရန်ကြွေးကျန်ဘီလီယံချီရှိသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ချေးငွေများနှင့်ပတ်သက်၍ ချေးငွေများကို အပြည့်အဝ ပြန်လည်ပြန်လည်ရရှိရေးနှင့် ကြွေးကျန်များမရှိရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

### ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အအုံများကို ပြန်လည်ထူထောင်ရေး

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ချင်းပြည်နယ်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများ၊ ဘာသာရေးအဆောက်အအုံများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မိမိတို့အနေဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ဆေးရုံများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူများနှင့် သက်ဆိုင်သည့်ဈေးနှင့် အခြားရုံးဌာနအဆောက်အအုံများကိုလည်း ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ကဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်မှလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် တိုက်တွန်းလိုကြောင်း။

### အားကစားကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်

အားကစားနှင့်ပတ်သက်၍ နိုင်ငံတော်၏ စိတ်ဓာတ်အင်အားကို အားကစားဖြင့်ဖော်ပြနေပြီး ဒေသတွင်းအားကစားပြိုင်ပွဲများ၌ပင် ထိုက်သင့်သည့်အောင်မြင်မှုများ ရရှိနိုင်ရန် လိုအပ်နေဆဲဖြစ်သည်ကို မြင်တွေ့ရကြောင်း၊ အရည်အသွေးမြင့်မားပြီး စိတ်ဓာတ်ကောင်းမွန်သည့် အားကစားသမားများကို ရွေးချယ်ယှဉ်ပြိုင်နိုင်ရန်လိုကြောင်း၊အားကစားတွင် အောင်မြင်မှုရရှိစေရေး အားကစားအဖွဲ့ချုပ်များမှအစ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ အားကစားကွင်းများ စနစ်တကျဖြစ်စေရေးနှင့် အဆင့်မီမီဖြစ်စေရေး နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နည်းစနစ်ကျစွာ၊ ကျန်းမာကြံ့ခိုင်မှုရှိစွာဖြင့် ယှဉ်ပြိုင်နိုင်စေရေးအတွက်လည်း နည်းစနစ်ပိုင်းဆိုင်ရာနည်းပြများ၊ ကြံ့ခိုင်ရေးနည်းပြများဖြင့် လေ့ကျင့်နိုင်ရန်လိုကြောင်း၊ အရည်အသွေးရှိပြီး Talent ရှိသည့်အားကစားသမားများပေါ်ထွက်လာစေရေး သက်ဆိုင်ရာအားကစားနည်းအလိုက် အားကစားသမားများကို ငယ်စဉ်ကတည်းကပင် စနစ်တကျရွေးချယ်၍ ပြုစုပျိုးထောင်ပေးသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတော်၏ အလံတော်ကို တိုင်ထိပ်၌ လွှင့်တင်ဂုဏ်ပြုခံရသည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး စနစ်တကျပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ အားကစားပွဲတော်များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားကဏ္ဍ ကောင်းမွန်တိုးတက်လာမည်ဆိုပါက တိုင်းချစ်ပြည်ချစ်စိတ်များလည်း မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ခြင်းပင်ဖြစ်ကြောင်းနှင့် **အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်သွားကြရန်** လိုကြောင်းဖြင့် မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူလူထု၏အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသော ကိုယ်စားလှယ်များဖြစ်ရန်နှင့် ပြည်သူလူထုက ယုံကြည်ထိုက်သူများဖြစ်ရန် ကြိုးစားသွားရန်လိုအပ်



မန္တလေး မေ ၂၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် လက်ရှိကာလတွင် တက်တက်ကြွကြွ သက်ဝင်လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ လွဲမှားမှုမရှိစေလိုကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် နေရာတစ်ခုဖြစ်ပါကြောင်း။

ဥပဒေပြုလုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူ၊ နိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနေနိုင်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ သို့ဖြစ်၍ ခေတ်စနစ်နှင့်မလျော်ညီသည့် တည်ဆဲဥပဒေများကို စနစ်တကျလေ့လာပြီး ပြင်ဆင်၊ ဖြည့်စွက်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေများပြဋ္ဌာန်းပေးရန် လိုပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းရေးဆွဲ၍ ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုပါ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့်လည်း မိမိတို့လွှတ်တော်အပေါ် မျှော်လင့်ချက်၊ ယုံကြည်ချက်ထားရှိနေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းများ တင်သွင်းမေးမြန်းရာတွင် ပြည်သူများ၏ အမှန်တကယ်လိုအပ်သည်များကို တင်သွင်းမေးမြန်းရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်မြေအကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို အသေးစိတ်သိရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီတင်ပြ၍ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော်အစိုး၏ ရက် ၁၀၀ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်း မျက်ခြည်မပြတ် မှတ်သားလေ့လာပြီး လွှတ်တော်ကဏ္ဍမှ ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ပူးပေါင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်နှင့် အစိုးရ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုလိုအပ်ချက်များကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်အတွက် အစိုးရ၏မူဝါဒ သိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများ၊ မျက်မှောက်ခေတ် နိုင်ငံတကာသတင်းများကို မျက်ခြည်မပြတ်လေ့လာကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို ရှေးရှုပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့လက်ထက်တွင် ပိုမိုကောင်းမွန်သည့် လွှတ်တော်များဖြစ်လာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသော ကိုယ်စားလှယ်များဖြစ်ရန်နှင့် ပြည်သူလူထုက ယုံကြည်ထိုက်သူများဖြစ်ရန် ကြိုးစားသွားရန်လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်သည် ထူးထူးခြားခြား ပြည်သူ့အကျိုးပြုသည့် လွှတ်တော် ဖြစ်စေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမကို ကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မိမိတို့လွှတ်တော်သည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမှ သက်ဆိုင်ရာမဲဆန္ဒရှင်ပြည်သူများက စိတ်ကြိုက်ရွေးချယ်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်များသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသဖြင့် ပြည်သူနှင့်အနီးကပ်ဆုံးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့် အစိုးရအကြား ပြည်သူများ၏ လိုအပ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူအားကိုးရာနေရာတစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အခက်အခဲနှင့် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက လွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တင်ပြပေးကြရန်နှင့် လွှတ်တော်များကလည်း သက်ဆိုင်ရာနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်ပါက ဥပဒေအဖြစ် ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးခြင်းများ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ ယခုတင်ပြလာသော လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခက်အခဲများ၊ အများနှင့်သက်ဆိုင်သည့် အခက်အခဲများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော MSME အခက်အခဲများနှင့်ပတ်သက်သည့် တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စိစစ်ခြင်းနှင့် လိုအပ်ပါက ဥပဒေအဖြစ် ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးကို ဥပဒေပြုလွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်( ၄၅/၂၀၂၆ )
၁၃၈၈ ခုနှစ် နယုန်လဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ် မေလ ၂၆ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅ / ၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၇၄၁၆၀ | အစား | ကြည်း ၆၉၄၇၀ |
| ဗိုလ်ကြီး ရဲကိုမြင့် | | ဗိုလ်ကြီး အောင်မျိုးသူ |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ် ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၆

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အဆောက်အအုံသစ် ဆောက်လုပ်မည့် ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် ရွှေကြာပင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်ရှိ မြေနေရာ၌ ကျင်းပသည်။



အခမ်းအနားသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ယူဆောက်လုပ်မည့် ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် အင်ဂျင်နီယာချုပ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆောက်လုပ်မည့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အဆောက်အအုံသစ်နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက ဗဟိုပန္နက်တိုင်ကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးကံမြင့်သန်း၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်တို့က သတ်မှတ်နေရာအသီးသီးရှိ ပန္နက်တိုင်များကိုလည်းကောင်း မင်္ဂလာပန္နက်တော်တင်ကြပြီး မင်္ဂလာပန်းကြဲခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြကာ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန တည်ဆောက်မည့်နေရာကို လိုက်လံကြည့်ရှုသည်။

အဆိုပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန နှစ်ထပ် အဆောက်အအုံသစ်ကို အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဦးစီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ကျခံသုံးစွဲတည်ဆောက်ခြင်းဖြစ်ပြီး မြေဧရိယာ ၈ ဒသမ ၅ ဧက အကျယ်အဝန်းရှိကြောင်း၊ အဆောက်အအုံ၏ပထမထပ်တွင် စုစုပေါင်း အခန်း ၄၁ ခန်းနှင့် မြေညီထပ်တွင် အစည်းအဝေးများပြုလုပ်နိုင်ရန် အင်အား ၁၈၀ ခန့် ဝင်ဆံ့သည့်ခန်းမ တစ်ခန်း၊ ၂၀၀ ခန့် ဝင်ဆံ့သည့် ထမင်းစားခန်း တစ်ခန်း အပါအဝင် စုစုပေါင်း ၄၂ ခန်းပါဝင်ကြောင်းနှင့် ငလျင်ဒဏ်ခံ နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ၁၁ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၆

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ၁၁ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်စိုးလင်းနှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများကို ကတိသစ္စာခံယူစေခြင်း၊ ဘာသာရပ်ဆိုင်ရာ ဌာနမှူးများက ဘွဲ့ယူမည့်သူများကို ဘွဲ့အပ်နှင်းပေးရန် ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။




တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ၁၁ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပစဉ်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုပါရဂူဘွဲ့၊ ပါရဂူဘွဲ့(ဆေးဘက်ဆိုင်ရာခေတ်ခွဲနည်းပညာ)၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးကြပ်မတ်သူနာပြုစုမှုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့(ခေတ်ခွဲ နည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ (ခေတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ (ခန္ဓာသန်စွမ်းမှုနည်းပညာ)၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာနှင့် နှလုံးရောဂါအထူးပြု သူနာပြုစုမှုဒီပလိုမာရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရရှိသူများကို ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

## ထူးခြားသည့် နေ့အပူချိန်များ (၂၆ - ၅ - ၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ညောင်ဦး | ၄၀ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# အမရပူရမြို့နယ် ကြည့်မြင်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် Rotary ပြန်လည်ထူထောင်ရေးက လှူဒါန်းသည့် စာသင်ဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ



**မန္တလေး မေ ၂၆**

အမရပူရခရိုင် အမရပူရမြို့နယ် ကြည့်မြင်တိုင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်ကို Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့ပြီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဥက္ကဋ္ဌ ဦးတင်လတ်နှင့် CEC အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာသင်ဆောင်အသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးလျှင်ကြီးဖြစ်ပွားပြီးနောက်ဆက်တွဲ ပြန်လည်ကုစားရာတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီလှူဒါန်းခဲ့မှုများနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တို့ ပူးပေါင်းဆောင်ရွက်ခဲ့မှုအပေါ် ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်း၊ Rotary Club of Central Yangon တို့မှ တာဝန်ရှိသူများက လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်နေရာတွင် ပေ ၉၀ x ပေ၃၀ အာရ်စီအမျိုးအစား တစ်ထပ်စာသင်ဆောင်အသစ် ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း၊ ကျောင်းအတွက်လိုအပ်သည့် ဆက်စပ်ဖြည့်တင်းခြင်းများနှင့်စပ်လျဉ်း၍ပြောကြားပြီး အဆောက်အအုံများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ခရိုင်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ၊ မိုးကာများပါဝင်သည့် Gift Pack များ ပေးအပ်သည်။

Rotary International District 3350 Governor က မတည်လှူဒါန်းမှုနှင့် မြန်မာနိုင်ငံအတွင်းရှိ Rotary Club များ၏ စုပေါင်းထည့်ဝင်မှုတို့ဖြင့် ဆောက်လုပ်လှူဒါန်းသည့် စာသင်ဆောင်အသစ်၊ ထမင်းစားဆောင်၊ ရေသန့်စက်၊ Solar မီးပေးစနစ်၊ သန့်စင်ခန်းများသည် စုစုပေါင်း ကျပ်သိန်း ၄၀၀၀ ကျော်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများ ရန်ကုန်မြို့သို့ရောက်ရှိလာပြီး လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်



အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ နေပြည်တော် - ရန်ကုန် DEMU လူစီးအမြန်ရထား စီးနင်းစဉ်။

**နေပြည်တော် မေ ၂၆**

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ လေကြောင်းလူငယ် သင်တန်းသားများ၊ နည်းပြ၊ အုပ်ချုပ်သူများသည် မေ ၂၅ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုအမှာစကားပြောကြားမှုကို ခံယူပြီးနောက် လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ တပ်မတော်လေယာဉ်များ၊ Diesel Electric Multiple Unit(DEMU) မီးရထားများဖြင့် ပြောင်းရွှေ့အခြေပြုကြပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယား နည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြသည်။

အဆိုပါ သင်တန်းသားများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ရန်ကုန်မြို့သို့ပြေးဆွဲမည့် DEMU လူစီးအမြန်ရထားများစီးနင်းရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိကြသည်။ ထို့နောက် နေပြည်တော်-ရန်ကုန်ရထားလမ်းတစ်လျှောက် DEMU လူစီးအမြန်ရထားများဖြင့် ထွက်ခွာလာရာ ပျဉ်းမနားဘူတာ၊ တောင်ငူဘူတာ၊ ဖြူးဘူတာ၊ ဒိုက်ဦးဘူတာ၊ ပဲခူးဘူတာနှင့် တိုးကြောင်ကလေးဘူတာတို့တွင် ခေတ္တရပ်နားကြသည်။ လေကြောင်းလူငယ်သင်တန်းသားများက နေပြည်တော်-ရန်ကုန်ရထားလမ်းတစ်လျှောက် ဖြတ်သန်းခဲ့ကြသည့် မြို့ရွာနှင့် တံတားများကို ဒေသန္တရဗဟုသုတအဖြစ်လေ့လာမှတ်သားခဲ့ကြသည်။ ၎င်းနောက် လေကြောင်းလူငယ်သင်တန်းသားများနှင့် နည်းပြ၊ အုပ်ချုပ်သူများလိုက်ပါလာသော DEMU လူစီးအမြန်ရထားများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်ကြပြီး ရန်ကုန်ဘူတာကြီးမှတစ်ဆင့် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ပြောင်းရွှေ့အခြေပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် လေကြောင်းလူငယ်သင်တန်းသားများကို ပြခန်းခန်းမဆောင်တွင်ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (တိုမိုဂရမ်)နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယား နည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများမှ ထွက်ရှိသော ရေဒီယိုသတ္တိကြွမှု တိုင်းတာဖော်ပြသည့်စက်များ၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းတွင် ပါဝင်သည့်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံများကို 3 D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် Wind Turbine နမူနာ ပုံစံငယ်တို့ကို တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့် သီချင်း MTV ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျအသုံးပြုလျက်ရှိသည့် ပိုစတာများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)







☆ ကျောဖုံးမှအဆက်

ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများကို ကျောင်းသား၊ ကျောင်းသူများတစ်ပါတည်း ပေးအပ်ကြသည်။

ယင်းသို့ ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်နေသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၏ လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။






မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုလက်ခံခြင်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။

အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်ထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်း၊ ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ နှစ်ချောင်း၊ ဘောပင် နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရသည်။

ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများ၊ တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများနှင့် အခြေခံပညာကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"နေပြည်တော် ရွာတော်မင်္ဂလာဈေးဝင်းကနေ ငါးတန်း သမီးလေးကို လာပြီးတော့ ကျောင်းအပ်ခြင်းဖြစ်ပါတယ်။ ဒီကျောင်းကိုအပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းပညာရေးကလဲ ကောင်းပါတယ်။ စာသင်ကြားမှုကလဲ ကောင်းပါတယ်။ ကလေးတွေရဲ့လေ့လာမှု အားကောင်းနိုင်အောင်လို့ ဆရာမတွေရဲ့ အထောက်အပံ့တွေလဲ အများကြီးပေးတာကို တွေ့ရပါတယ်။ ကျောင်းအပ်တဲ့ အပေါ်မှာတော့ အားလုံးအေးအေးဆေးဆေး နွေးနွေးထွေးထွေးရှိသလိုမျိုးပဲ ကျောင်းကိုလာပြီးတော့ အပ်ရတဲ့ အပေါ်မှာလဲ အားလုံးအဆင်ပြေပါတယ်။ အခက်အခဲ တစ်ခုမှ မတွေ့ပါဘူး။ ကျောင်းက ထောက်ပံ့မှုတွေအားလုံးကလဲ မနှစ်ကလဲ အပြည့်အစုံရသလို ဒီနှစ်လဲ အပြည့်အစုံရတာတွေ့ရပါတယ်။ စာအုပ်တွေလဲ ရပါတယ်။ ခဲတံတွေလဲ ရပါတယ်။ ပုံနှိပ်ဖတ်စာအုပ်တွေလဲ ရပါတယ်။ ကျောင်းဝတ်စုံတွေလဲ ပေးပါတယ်" ဟု ပြောသည်။

"သူငယ်ချင်းတွေလဲ အများကြီးနဲ့လဲ ကျောင်းတက်ရတယ်။ ပြီးရင် အတူတူကစားရတာတွေလဲ အရမ်းပျော်ပါတယ်။ စာသင်ရတာတွေလဲ အရမ်းပျော်ပါတယ်။ ကျောင်းလာတဲ့အခါမှာ စာသင်ရမယ်။ GRADE- 6 ဖတ်စာအုပ်တွေနဲ့ ဗလာစာအုပ်တွေရယ်၊ ခဲတံတွေရယ်၊ ဘောပင်တွေရယ်ကို ရပါတယ်။ သမီးရဲ့ အနာဂတ်ရည်မှန်းချက်ကတော့ အင်ဂျင်နီယာဖြစ်ချင်ပါတယ်" ဟု ပြောသည်။

"ကျောင်းကို အလွယ်တကူအပ်လို့ရအောင်ဆိုလို့ရှိရင် စာရင်းဇယားတွေဆိုလို့ရှိရင်သေချာ LIST လုပ်ထားတယ်။ မနှစ်က GRADE- 1 မှာဆိုလို့ရှိရင်လဲ GRADE- 1 မှာ အောင်ခဲ့တဲ့ အောင်စာရင်းတွေကို GRADE- 2 ဘက်ကို ကယ်ရီသယ်လာပြီးတော့မှ စနစ်တကျဖြစ်သွားအောင် အလွယ်တကူလဲ စာရင်းသွင်းလို့ရအောင် သေချာလေးတွေ ပြုလုပ်ပေးထားပါတယ်။ ကွာခြားချက်ကတော့ သိပ်မရှိပါဘူး။ ဘာလို့လဲဆိုရင် မနှစ်ကလဲ ပုံနှိပ်၊ ရေးစာအုပ်၊ ခဲတံ၊ ဝတ်စုံတွေ ထောက်ပံ့သလိုပဲ ဒီနှစ်မှာလဲ ယခင်နှစ်ကလိုပဲ ခဲတံ၊ ဗလာစာအုပ် အဲ့ဒါတွေကို အခမဲ့ထောက်ပံ့ပေးပါတယ်" ဟု ပြောသည်။

(၅၀၁)





# အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပစဉ်။

**နေပြည်တော် မေ ၂၆**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သား မိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ကြပြီး ကျောင်းသား၊ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အလားတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အေးသာယာမြို့ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

**နေပြည်တော် မေ ၂၆**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့ စစ်မှုထမ်းဟောင်းအိမ်ရာရှိ မိသားစုဝင်များ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် စစ်မှုထမ်းဟောင်းမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ကလေးမြို့သို့ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဖလမ်းမြို့သို့ ဆက်လက်ပို့ဆောင်စဉ်။



ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို မော်တော်ယာဉ်များဖြင့် ချင်းပြည်နယ် ဖလမ်းမြို့သို့ ပို့ဆောင်စဉ်။



❑ **ဆက်လက်ပို့ဆောင်မှုအဆက်**

ချင်းပြည်နယ်ရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံဒေသများကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် အတူပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ချင်းပြည်နယ် ဖလမ်းမြို့သို့ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှလည်းကောင်း၊ မိမိအရပ်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်ကြမည့် ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများကို နေပြည်တော်မှလည်းကောင်း မေ ၂၅ ရက်တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ ကလေးမြို့သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်၊ သံများ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ရာ ညနေပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရန်ကျန်ရှိသည့် မြို့များသို့လည်း ဆက်လက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် မေ ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဟိုမိန်းဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၆-၅-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၆.၂ | ၅၅၇.၈ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၆၀၆,၆၅၂.၇၂ | ၄,၈၂၉,၇၆၀.၀၀ | ၉၉,၇၃၇,၈၀၈.၅၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုညဒသမ ၇၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်းကိုလည်းကောင်းရောင်းချပေးခဲ့သည်။

## ၂၀၂၆ ခုနှစ် မေ ၂၆ ရက် ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မီးသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားချက်

နေပြည်တော် မေ ၂၆

၁၃၂ ကေဗွီ ညောင်ပင်ကြီး – ဗုဒ္ဓကုန်းဓာတ်အားလိုင်းတွင် ယနေ့ မွန်းလွဲ၁၂နာရီ ၅ မိနစ်တွင် လိုင်းချို့ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်တို့တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဓာတ်အားလိုင်းတစ်လျှောက် လိုက်လံစစ်ဆေးခဲ့ရာ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်ကိုတွေ့ရှိရသဖြင့် အမြန်ဆုံးခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ယခုအခါ လိုအပ်သော ရှင်းလင်းခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ပါသဖြင့် ယနေ့ ညနေ ၅ နာရီ ၁၃မိနစ်မှ စတင်၍ အဆိုပါဓာတ်အားလိုင်းမှတစ်ဆင့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်များသို့ ဓာတ်အားပုံမှန်အတိုင်းပြန်လည်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# မကွေးမြို့နယ်တွင် ငွေကျပ်သိန်း ၄၅၀၀ တန်ဖိုး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂၀၇ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများဖမ်းဆီးရမိ

နေပြည်တော် မေ ၂၆

မကွေးမြို့နယ်တွင် ငွေကျပ်သိန်း ၄၅၀၀ တန်ဖိုး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂၀၇ သိန်းတန်ဖိုး ရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၂၄ ရက် ည ၆ နာရီခွဲတွင် မကွေးမြို့နယ် ကန်ပြားကျေးရွာအနီးတွင် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်နေ ဟန်မင်းကို ခေါ် မင်းမင်း ၄၈ နှစ်မောင်းနှင်လာသော TOYOTA LANDCRUISER PRADO အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၅၀၀) ဖမ်းဆီးရမိသဖြင့် ဟန်မင်းကို ခေါ် မင်းမင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေ ၂၄ ရက် ည ၆ နာရီခွဲ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်ရှိ ကားဂိတ်၌ မီနီအိုးဝေဖြင့် တန်ဆာပစ္စည်း လာရောက်ထုတ်ယူသူ အောင်မြေသာစံမြို့နယ် ရွှေလောင်းညွှန့်ရပ်ကွက်နေ ညီညီဝိုင်း ၃၉ နှစ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ကိုးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၀၇ သိန်း) ဖမ်းဆီးရမိသဖြင့် ညီညီဝိုင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဟန်မင်းကို ခေါ် မင်းမင်းကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# 'မှို' သို့မဟုတ် 'သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်'



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ခုနှစ်၊ မေလ)

၁

## သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်



'မှို'သည် ကယ်လိုရီဓာတ် နည်းပါးစွာ ပါဝင်၍ ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝသော သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်ဖြစ်ပါသည်။

## မှို၏ အာဟာရတန်ဖိုးများ

မှို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် –

- ကယ်လိုရီ (၂၂) မှ (၃၅) ကယ်လိုရီခန့်၊
- ရေဓာတ် (၈၀) မှ (၉၀) ရာခိုင်နှုန်းခန့်၊
- အသားဓာတ် (၃.၁) ဂရမ် ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ်များစွာပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့် (အဆီဓာတ်နှင့် ကိုလက်စထရောအဆီများ ပါဝင်မှုနည်းပါးပါသည်)၊
- အမျှင်ဓာတ် (Fiber) (၁) မှ (၂) ဂရမ် ခန့်တို့ ပါဝင်ပါသည်။

၂

## မှိုတွင်ပါဝင်သော အာဟာရဓာတ်များ

- ဗီတာမင် ဒီ၊
- ဗီတာမင် ဘီအုပ်စု (Riboflavin - B2၊ Niacin - B3၊ Pantothenic Acid - B5)၊
- ဆီလီနီယမ်၊
- ပိုတက်စီယမ်၊
- ကြေးနီသတ္တုဓာတ်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione၊
- အမျှင်ဓာတ် (Beta-glucans) တို့ ပါဝင်ပါသည်။



၃

**မှိုတွင် အာဟာရတန်ဖိုးများစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန်တိုက်တွန်းမျှဝေပါ။**

## မှို၏ ကျန်းမာရေးအကျိုးကျေးဇူးများ

- ဗီတာမင် ဒီ နှင့် ဗီတာမင် ဘီအုပ်စုသည် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ထုတ်လုပ်မှု နှင့်အာရုံကြောစနစ် အတွက်အထူးကောင်းမွန်ပါသည်၊
- ဆီလီနီယမ်သည် ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပါသည်၊
- ပိုတက်စီယမ်နှင့် ကြေးနီသတ္တုဓာတ်များသည် သွေးပေါင်ချိန် ထိန်းညှိခြင်း၊ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေခြင်း နှင့် အရိုးများခိုင်မာစေခြင်းတို့ အတွက် ကူညီပေးပါသည်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione သည် ဆဲလ်များရောင်ရမ်းမှုနှင့် ပျက်စီးမှုကို ကာကွယ်ပေးပါသည်၊
- အမျှင်ဓာတ် (Beta-glucans) သည် သွေးတွင်း အဆီဓာတ်ကို လျော့ကျစေပြီး ကိုယ်ခံအားကို အားကောင်းမွန်စေပါသည်၊
- အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် လူ၏ အစာခြေစနစ်ကို အထောက်အကူပြုပါသည်။

၄

## မှို၏ အသုံးဝင်မှုများ

ဆေးဘက်ဝင်မှိုများ၏ ထူးခြားချက်

လင်ဇီးမှို (Reishi) - သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် အသည်းရောဂါများအတွက် ဆေးဘက်ဝင်ပါသည်။

ကောက်ရိုးမှို - နှလုံးအားကောင်းစေပြီး အပူငြိမ်းစေပါသည်။

ကြွက်နားရွက်မှို (Wood Ear) - သွေးကြောပိတ်ခြင်းကို ကာကွယ်ပေးပြီး ဝမ်းမှန်စေရန် အသုံးပြုလေ့ရှိပါသည်။

သဘာဝအချိုမှုန့် - မှိုကို "မှိုဟင်းခတ်မှုန့်" အဖြစ် ထုတ်လုပ် နိုင်ပြီး အချိုမှုန့်အစားထိုးပစ္စည်း အဖြစ် အသုံးပြုနိုင်ပါသည်။

အသားဓာတ်နှင့် ဗီတာမင်ဓာတ်များစွာ ပါဝင်သောကြောင့် အသားမစားသူ (သက်သတ်လွတ်စားသူ)များအတွက် အလွန်သင့်တော်ပါသည်။

၅

## သတိပြုရမည့်အချက်များ

- ဂေါက်ရောဂါ၊ အဆစ်ရောင်ဝေဒနာရှင်များ၊ ယားယံတတ် သော အရေပြားရောဂါနှင့် အစာအိမ်လေထိုး လေအောင့် ဖြစ်တတ်သူများ အနေဖြင့် မှိုကိုသတိပြု၍ စားသုံးသင့်ပါသည်။
- စနစ်တကျ စိုက်ပျိုးထုတ်လုပ် ထားသောမှို (ဥပမာ- ကောက်ရိုးမှို၊ ငွေနှင်းမှို) များကိုသာ စားသုံးသင့်ပါသည်။

အဆိပ်ရှိသောမှိုနှင့် စားသုံးနိုင်သောမှိုကို ခွဲခြားရန် ခက်ခဲနိုင်သောကြောင့် **တောတွင်း အလေ့ကျပေါက်သည့်မှိုများကို အလွယ်တကူ ခူးဆွတ်မစားသုံးမိရန်** အထူးသတိပြုရမည်။




၆

**မှိုတွင် အာဟာရတန်ဖိုးများစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန်တိုက်တွန်းမျှဝေပါ။**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဓားပြတိုက်၊ ဆက်ကြေးကောက်၊ အလျှုခံအလုပ်နဲ့ပဲ ဖာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ၂၇-၅-၂၀၂၆ ရက် (ယနေ့) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၃-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"၂၀၂၆-၂၀၂၇ ပညာသင်နှစ်ရော အကြမ်းဖက်အုပ်စုတွေလက်အောက်က ကလေးငယ်များ ပညာသင်ကြားခွင့်ရမည်လား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသော ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများလုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်း၊ တရားမဝင်အဆောက်အအုံများ စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့်ဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင် အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခဲ့မှုနေရာပြမြေပုံ။







ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် လေးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယနေ့တွင် ယာဉ်၊ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ခြောက်လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ရာ ဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံ ၇၁ လုံး ကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့ကို ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့



ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

နေပြည်တော် မေ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်ခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၆ ရက်ထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၈၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၁ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦး တို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဧဝ၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လူတိုင်းတွက်တာ သိမှတ်ဖွယ်ရာဥပဒေ

**စိန်လှိုင်ဗိုလ်**

နိုင်ငံသူ နိုင်ငံသားများအပါအဝင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူ အပေါင်းသည် နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ နေထိုင်လုပ်ကိုင် စားသောက်ကြရသည်။ ပြစ်မှုတစ်ခုကို ကျူးလွန်မိခဲ့ကြသောအခါတွင် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တရားရုံးက ချမှတ်သောပြစ်ဒဏ်ကို ကျခံကြရမည်ဖြစ်သည်။ ရုံးတော်ရှေ့မှောက်တွင် မိမိသည်ဥပဒေကို မသိရှိပါ၍ ချိုးဖောက်ကျူးလွန်မိပါသည်ဟု ခွင့်လွှတ်ပါရန် ပန်ကြား၍မရနိုင်ပါချေ။ ဥပဒေကိုသိပါလျက်နှင့် ပြစ်မှုကျူးလွန်သည်ဖြစ်စေ ဥပဒေကိုမသိရှိပါ၍ ကျူးလွန်မိပါကြောင်း ဆင်ခြေပေး၍မရနိုင်ပေ။ သို့ဖြစ်ရာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူတိုင်းသည် ပြဋ္ဌာန်းဥပဒေကို အထိုက်အလျောက်နားလည်သိရှိသင့်ကြကြောင်း အထူးဖော်ပြရန် လိုမည်မဟုတ်ချေ။ သို့ဖြစ်ပါ၍ ဥပဒေနှင့်ခပ်စိမ်းစိမ်း မနေကြဘဲသိသင့်သိထိုက်သော ဥပဒေပြဋ္ဌာန်းချက်များဖြင့် အမှုများကို စီရင်ထုံးဖွဲ့ခဲ့သောအမှုများကို အကြောင်းပြု၍ ဥပဒေပညာပေးဆောင်းပါးများကို ရေးသားနေရခြင်းဖြစ်ပသည်။

ထိုသို့ရေးသားတင်ပြရာတွင် ခိုင်လုံတိကျမှန်ကန်သောအားဖြင့် နိုင်ငံတော်ကထုတ်ဝေသော တရားစီရင်ထုံးများပါ အမှုများကို အကြောင်းပြု၍ ရေးသားတင်ပြပါသည်။ ထိုသို့ရေးသားတင်ပြရာတွင် ပိုမိုစိတ်ဝင်စားဖွယ်ရာအကြောင်းမှာ မည်သည့်ဥပဒေပုဒ်မနှင့်စွဲဆိုလျှင် မည်သို့ပြစ်ဒဏ်ချမှတ်ရမည်၊ စွဲဆိုခွင့်ရှိသောအမှု၊ စွဲဆိုခွင့်မရှိသောအမှုစသည်ဖြင့် မူလရုံးကမည်သို့ အမိန့်ချသည်၊ မကျေနပ်သူက တစ်ဆင့်တက်သော် အဆင့်မြင့်ရုံးတော်က မည်သို့ဆင်ခြင်သုံးသပ်၍ ဥပဒေနှင့်အညီ ဆုံးဖြတ်သည်တို့ကိုပါသိရှိခွင့်ရစေရန် ဆက်လက်၍ ရေးသားတင်ပြပါဦးမည်။

အမှုတစ်ခုတွင် တရားခံက ရုံးတော်ရှေ့မှောက်၌ အပြစ်ရှိကြောင်း ဝန်ခံပြီးနောက် တစ်ဖန်အပြစ်မရှိကြောင်းငြင်းဆို၍ ထုချေခွင့်ပြုရန် လျှောက်ထားခြင်းကို တရားရုံးကခွင့်ပြုနိုင်ခြင်းရှိ၊မရှိ သိမှတ်ဖွယ်ရာဖြစ်သည်။ ပြည်သူအများ သိသင့်သိထိုက်ပါသည်။

အမှုတစ်ခုတွင် မောင်အုန်းမောင်(ခ)အမိနော် အူဒုတ်ထံတွင် မှောင်ခိုထိုးဆေးများ၊ ဆေးထိုးအပ်များနှင့် ဆေးထိုးပိုက်များကို ရှာဖွေဖမ်းဆီးရမိသည်ဆို၍ မောင်အုန်းမောင်အား ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁)အရ တရားစွဲဆိုခဲ့သည်။ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈၇၂ သတ်မှတ်၍ တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် မောင်အုန်းမောင်အား ၎င်းပုဒ်မအရစွဲချက်တင်ခဲ့သည်။ မောင်အုန်းမောင်က အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။

ထိုသို့ဝန်ခံသဖြင့် မောင်အုန်းမောင်အား ပြစ်မှုထင်ရှားစီရင်ရန်ဖြစ်သော်လည်း မူလပန်းဘဲတန်းမြို့နယ်တရားရုံးက အမိန့်တစ်စုံတစ်ရာချမှတ်ခြင်းမပြုဘဲအမှုကို ရွှေ့ဆိုင်းခဲ့သည်။ နောက်နှစ်ရက်ကြာသောအခါ မောင်အုန်းမောင်အား အာမခံပေး၍ အချုပ်မှ လွှတ်လိုက်ပြန်ကြောင်း အမှုတွဲနေ့စဉ်မှတ်တမ်းများအရ တွေ့ရသည်။

ထို့နောက် မောင်အုန်းမောင်သည် စိတ်ပြောင်းသွားပြီး မိမိအားစွဲချက်တင်စဉ်က အနီးရှိလူများက အပြစ်ရှိကြောင်း ဝန်ခံလိုက်လျှင် သက်သာမည်ဟု ပြောသည်ကို ယုံကြည်မိ၍အပြစ်ရှိသည်ဟု ဝန်ခံမိကြောင်း၊ ထိုသို့ **မှားယွင်းစွာဝန်ခံမိခြင်းကို ပယ်ဖျက်၍ အပြစ်မရှိကြောင်း ငြင်းဆိုသည်ဟု ပြင်ဆင်ပေးပါရန်နှင့် အမှုကိုဆက်လက် ထုချေခွင့်ပြုပါရန်** ပန်ကြားခဲ့သည်။

ထိုသို့ပန်ကြားချက်ကို မူလပန်းဘဲတန်းမြို့နယ်



တရားရုံးက လက်မခံသဖြင့် မောင်အုန်းမောင်က ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားခဲ့သည်။ ပန်းဘဲတန်းမြို့နယ်ရုံးထိုင် ရန်ကုန်တိုင်းတရားရုံးမှ ၁၉၇၄ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် (၉) ဟုသတ်မှတ်၍ ကြားနာပြီးနောက် မောင်အုန်းမောင်၏လျှောက်လွှာကို ပယ်ချခဲ့သဖြင့် အဆင့်မြင့်ဗဟိုတရားရုံးတော်သို့ ပြင်ဆင်မှုကို ဆက်လက်တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်သည်မှာ **အမှုကိုစစ်ဆေးကြားနာပြီးနောက် အမိန့်မချမီအတွင်း တရားရုံးသည်စွဲချက်ကို ပြင်နိုင်သည်။ တရားခံကအပြစ်ရှိကြောင်း ဝန်ခံပြီးနောက်တွင်မှ အပြစ်မရှိကြောင်း ငြင်းဆို၍ ထုချေခွင့်ပြုရန် လျှောက်ထားလျှင် တရားရုံးကလက်ခံ၍ စွဲချက်တွင် ပြင်ဆင်မှတ်တမ်းတင်ပြီး တရားခံအား ထုချေခွင့်ပေးရမည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် တိမ်းစောင်းခြင်းမရှိဘဲ အမှုတွဲတွင် ပိုမိုပြည့်စုံပြီး စီရင်ဆုံးဖြတ်ရာတွင် အထောက်အကူပြုရနိုင်ကြောင်း တရားခံ၏ထုချေခွင့်ကို တရားရုံးက မပိတ်ပင်ကြောင်း စိစစ်သုံးသပ်ခဲ့သည်။**

ထို့ကြောင့် မောင်အုန်းမောင်လျှောက်ထားတင်သွင်းလာသော ပြင်ဆင်မှုကိုခွင့်ပြု၍ အောက်ရုံးများ၏အမိန့်ကို ဗဟိုတရားရုံးက ပယ်ဖျက်လိုက်သည်။ အပြစ်မရှိပါဟုထုချေကြောင်း စွဲချက်တွင် ပြင်ဆင်မှတ်တမ်းတင်ပြီး မူလပန်းဘဲတန်းမြို့နယ် တရားရုံးက အမှုကိုဆက်လက်စစ်ဆေးစီရင်စေရန် ညွှန်ကြားလိုက်သည်။ ဦးအုန်းမောင်နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၄ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၉၀ (ခ) ကို ရည်ညွှန်းကိုးကားတင်ပြလိုက်ရပါသည်။

ထပ်မံ၍ အများပြည်သူ ဥပဒေဗဟုသုတရရှိစေရန်အလို့ငှာ ပညာပေးရေးသားတင်ပြပါဦးမည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ အရ မိန်းမသားတစ်ဦးအား ခဲဖြင့်ပေါက်၍ လက်မောင်းရိုးကျိုးပြီး ကျောက်ပတ်တီး အချိန်တစ်လကျော်စီးထားရသော အမှုတစ်ခုတွင် တရားရုံးကဒဏ်ငွေသက်သက်သာ တပ်ရိုက်ခြင်း၊ ထောင်ဒဏ်မပါဘဲ ဒဏ်ငွေသက်သက် ချမှတ်ခြင်းပြုနိုင်ခြင်း ရှိမရှိနှင့် ကျူးလွန်သောပြစ်မှုနှင့်ချမှတ်သောပြစ်ဒဏ် မျှတခြင်း ရှိမရှိနှင့် ပတ်သက်၍ အမှုတစ်ခုကို ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။ မောင်လှရွှေဆိုသူက မအုန်းတင်အား ခဲနှင့်ပေါက်၍ လက်မောင်းရိုးကျိုးသွားသည်။ ထို့ကြောင့် မောင်လှရွှေအပေါ် ပြည်မြို့နယ်တရားရုံးက ဒဏ်ငွေ ၅၀ ကျပ် ပေးဆောင်ရန် ပျက်ကွက်လျှင် ထောင်ဒဏ်နှစ်လ ကျခံစေရန်နှင့် ဒဏ်ငွေရရှိလျှင် မအုန်းတင်အား လျော်ကြေးငွေ ၂၅ ကျပ်ပေးစေရန် အမိန့်ချမှတ်သည်။ ၎င်းအမိန့်ကို မအုန်းတင်က သက်ညှာလွန်းသည်ဟူ၍ ပဲခူးတိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းသောအခါ မောင်လှရွှေအပေါ် ဒဏ်ငွေ ၁၅၀ကျပ် ပေးဆောင်ရန် မပေးဆောင်လျှင် ထောင်ဒဏ်ခြောက်လ ကျခံစေရန်နှင့် လျော်ကြေးငွေ ၁၀၀ကျပ်ပေးစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် ၎င်းအမိန့်မှာလည်း သက်ညှာသောအမိန့်ပင်ဖြစ်ကြောင်း အပြစ်ဒဏ်ကို တိုးမြှင့်သတ်မှတ်ပေးရန် မအုန်းတင်က ဗဟိုတရားရုံးတော်သို့ ပြင်ဆင်မှုလျှောက်ထားခဲ့သည်။

**ဗဟိုတရားရုံး၏စိစစ်ဝေဖန်သုံးသပ်ချက်**

၁၉၇၃ ခုနှစ်၊ ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီ မိနစ် ၃၀ အချိန်ခန့်တွင် မအုန်းတင်နှင့်မောင်လှရွှေတို့ စကားများကြရာမှ မောင်လှရွှေက အုတ်ခဲနှင့် လှမ်းပေါက်သောကြောင့် မအုန်းတင်၏ ညာဘက်လက်မောင်းကို ထိမှန်သည်။ ဆေးရုံသို့သွားရောက်ကုသသောအခါတွင် မအုန်းတင်၏ လက်မောင်းရိုးကျိုးသွားသောကြောင့် ကျောက်ပတ်တီး အချိန်တစ်လကျော် စီးထားရသည်။ မောင်လှရွှေက အုတ်ခဲနှင့်ပေါက်၍ မအုန်းတင်ဒဏ်ရာရရှိကြောင်း လုံလောက်သော သက်သေခံချက်များလည်းရှိသည်။ မောင်လှရွှေအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ အရ ပြစ်မှုထင်ရှားကြောင်း အမိန့်ချမှတ်ခြင်းနှင့် ပတ်သက်၍လဲ မောင်လှရွှေက အယူခံခြင်းမပြုပေ။ ထို့ကြောင့် **အပြစ်ဒဏ် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ တရားမျှတမှု ရှိ၊ မရှိ စဉ်းစားရမည်ဖြစ်ကြောင်း** ဗဟိုတရားရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ ပြစ်မှုကျူးလွန်ထင်ရှားလျှင် ထောင်ဒဏ် ခုနစ်နှစ်ထိနှင့် ဒဏ်ငွေလဲ ပေးဆောင်စေနိုင်သည်။ **ထောင်ဒဏ်မပါဘဲ ဒဏ်ငွေသက်သက် ချမှတ်ခြင်းမပြုနိုင်ချေ။** ထို့ကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ဒဏ်ငွေသာတပ်ရိုက်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်လျက်ရှိသည်။ ဤကဲ့သို့ မိန်းမသားတစ်ဦးအပေါ် အနိုင့်အထက်ပြုကျင့်၍ ပြင်းထန်သောဒဏ်ရာ ရရှိစေသောအမှုတွင် ဒဏ်ငွေအနည်းငယ်မျှသာ တပ်ရိုက်ခြင်းမှာလည်း မျှတမှုရှိသည်ဟု မဆိုနိုင်ချေ။ နောင်တွင် ဤကဲ့သို့ ကျူးလွန်မှုများကိုလဲ ဟန့်တားစေနိုင်မည်မဟုတ်ကြောင်း အဆင့်မြင့်ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ကြောင့် လျှောက်ထားခံရသူ မောင်လှရွှေသည် တိုင်းတရားရုံးက ချမှတ်သော ဒဏ်ငွေ ၁၅၀ ကျပ်ပေးဆောင်ရန် ပျက်ကွက်လျှင် ထောင်ဒဏ်ခြောက်လကျခံစေရန်နှင့် ဒဏ်ငွေပေးဆောင်လျှင် ငွေ ၁၀၀ ကျပ်ကို မအုန်းတင်အား ပေးစေရန် အပြစ်ဒဏ်အပြင် ထောင်ဒဏ်ခြောက်လလဲ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။

ဤနေရာတွင် စာရေးသူ အမြဲသုံးနေသော စကားလုံးဖြစ်သည့် ဥပဒေနှင့်ဆင်ခြင်တုံတရားပေါင်းစပ်ပါမှ တရားမျှတမည်ဖြစ်ပါသည် ဟူသောညွှန်းဆိုချက်ကို ထပ်မံတင်ပြချင်သည်။ ဥပဒေအရပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ ပြစ်မှုကျူးလွန်ထင်ရှားလျှင် ထောင်ဒဏ်ခုနစ်နှစ်နှင့် ဒဏ်ငွေလဲ ပေးဆောင်စေနိုင်သည်။ **ထောင်ဒဏ်မပါဘဲ ဒဏ်ငွေသက်သက်ချမှတ်ခြင်း မပြုနိုင်ဆိုသော ဥပဒေပြဋ္ဌာန်းချက်ကို အဆင့်မြင့်ရုံးတော်က ဖွင့်ဆိုရှင်းပြခဲ့ပါသည်။ ထို့အတူ ပြစ်ဒဏ်ချမှတ်ရာတွင် မျှတမှုရှိစေရန်လဲ ဖော်ညွှန်းခဲ့သည်။**

မအုန်းတင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မောင်လှရွှေ) ၁၉၇၄ ခုနှစ် ပြစ်မှုဆိုင်ရာ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၈၈(ခ) က ညွှန်ပြသော ဥပဒေနှင့်ဆင်ခြင်တုံတရားကို ရေးသားတင်ပြလိုက်ရပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ မိုးစပါဧက ၈၂၇၉ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးမယ်"ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုမရှိအောင် ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေးတို့အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် အောက်ကိုင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မေ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်ကိုင်းကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံ ငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် အောက်ကိုင်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၆ သိန်း၊ လွှဲပြောင်းပေးအပ်ခဲ့သည်။

အောက်ကိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူထံမှ သိရသည်။

**ချိုလေး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက ငါးသလောက်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့



တဲ့ဧပြီလအတွင်း ငါးသလောက် ပိဿာ ချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် အသေးတစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ မှ ၃၅၀၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖာပွန်မြို့နယ် ဝါးဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ဖာပွန် မေ ၂၆**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် ဝါးဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝါးဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဝါးဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၅ သိန်း အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# မကွေးမြို့နယ် ဂွေးတောက်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးတောက်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဂွေးတောက်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားပုံစံများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အိပိုးပိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။





ဝတ္ထုတိုကဏ္ဍ

# အန္တေဝါသိက

## မနှင်းဖွေး

**မေ ၂၅ ရက်မှအဆက်**

ဂျိုဇဖင်းက ချောမောလှပရုံတင်မကဘူး။ တကယ့်ဆွေကြီးမျိုးကြီး။ သူ့အဖေက စက်ရှင်တရားသူကြီးတစ်ယောက်။ သူ့အမေက အဲဒီခေတ်က သူဌေးဘွဲ့ရထားတဲ့သူရဲ့ အဆက်အနွယ်။ ဒီတော့ ဆွေဂုဏ်မျိုးဂုဏ်မြင့်ပြီး ဥစ္စာပေါ ရုပ်ချော၊ ပညာတတ် မိန်းမတစ်ယောက်ကို ရယူပိုင်ဆိုင်ချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာပေါ့။ ဝိုင်းဝိုင်းလည်နေတဲ့ ပုရိသတွေထဲမှာမှ ရွေးချယ်ပြီး ပန်းကုံးစွပ်ခံလိုက်ရတဲ့ ဘီစီအက်(စ်)လေး ကိုထွန်းအောင်ဖုံအဖို့ သူ့ဇနီးကို မချစ်ဘဲ ဘယ်နေပါ့မလဲ။ မနှမြောဘဲ ဘယ်နေပါ့မလဲ။ လွယ်လွယ်နဲ့ ဘယ်မေ့ပစ်နိုင်ပါ့မလဲ။

တကယ်တော့ ဂျိုဇဖင်းက ကံဆိုးရှာပါတယ်။ ဒီလောက် ပြည့်စုံကုံလုံတဲ့ဘဝကို ပိုင်ဆိုင်ထားပါလျက်နဲ့ ကင်ဆာဆိုတဲ့ ရောဂါဆိုးနဲ့တွေ့တော့ ဘဝကို သူအရှုံးပေးလိုက်ရတယ်။ သူကွယ်လွန်တော့ အသက်က ၃၃ နှစ်ပဲ ရှိသေးတာတဲ့။ သူတို့မှာ"ကစ်တီ" လို့ခေါ်တဲ့ အသက် ၁၀ နှစ်အရွယ် သမီးလေး တစ်ယောက်ကျန်ရစ်ခဲ့တယ်။ မေမြို့စိန့်ဂျိုးဇက် ကွန်ဗင့်မှာ ကျောင်းအိပ်ကျောင်းစား ထားတယ်တဲ့။

စိတ်လိုလက်ရရှိတဲ့အခါ ကိုထွန်းအောင်ဖုံက သူ့သမီးလေးရဲ့ဓာတ်ပုံကို ထုတ်ပြပြီး–

"ကျွန်တော့်မှာ ချစ်စရာဆိုလို့ ဒီသမီးလေးပဲ ရှိပါတော့တယ်ဗျာ"လို့ ကြေကြေကွဲကွဲလေး ပြောလေ့ရှိတယ်။

ကလေးမလေးကလဲ မိန်းမချောလေးပဲ။ ဓာတ်ပုံထဲမှာ မြင်ရသလောက်တော့ သူ့အမေရုပ်နဲ့ တထေရာတည်းပဲ။ ဒါကြောင့်လဲ ကိုထွန်းအောင်ဖုံ သည်းသည်းလှုပ်နေတာပေါ့။

အမှန်တော့ ကိုထွန်းအောင်ဖုံရဲ့ အသက်အရွယ်က တစ်ပင်လဲလို့ တစ်ပင်ထူကောင်းတဲ့ အရွယ်ပါ။ သူ့ရုပ်သူ့ရည်၊ သူ့ပညာ၊ သူ့ရာထူးဂုဏ်ရှိန်တွေအရ ပြောရရင်သူ့အတွက် မိန်းမ မရှားပါဘူး။ မဆွတ်ခင်က ညွတ်ချင်နေတဲ့ အပျိုချောတွေ၊ ကမ်းလာမဲ့လက်ကိုလှမ်းဆုပ်ဖို့စောင့်နေတဲ့ အမျိုးကောင်းသမီးတွေမှ အများကြီးပါ။ ဒါပေမဲ့ ကိုထွန်းအောင်ဖုံ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဘူး။ အရေးမလုပ်ခဲ့ဘူး။ ကမ်းလှမ်းကြတဲ့ ဆွေမျိုးအသိုင်းအဝိုင်းက လူကြီးသူမတွေရဲ့ စကားကိုလဲ အလိမ္မာနဲ့ဖယ်ရှားခဲ့တယ်။ အပေါင်းအသင်းရောင်းရင်းတွေက ဘယ်လိုတိုက်တွန်းတိုက်တွန်း "နိုး"ပဲ။

"ကျွန်တော့်ဇနီး ဂျိုဇဖင်းနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူးဗျာ။ နောက်ပြီး ကျွန်တော့်သမီး၊ မိတဆိုးလေးကိုလဲ ဘယ်လိုမိထွေးနဲ့မှ မထားနိုင်ဘူး။ ကျွန်တော့်သမီးလေးကို ကျွန်တော်တစ်သက်လုံး စောင့်ရှောက်သွားမယ်။ အဲဒါကြောင့် ကျွန်တော် ဘယ်တော့မှ နောက်အိမ်ထောင်ပြုမှာ မဟုတ်ဘူး"

အဲဒီကတည်းက ကိုထွန်းအောင်ဖုံဟာ ဘယ်ကိစ္စမဆို နည်းနည်းတော့ အစွန်းရောက်တယ်ဆိုတာ ကျုပ် သတိထားလိုက်မိတယ်။

"အိုင်ဆေး... ဒါဆိုရင် ခင်ဗျား တစ်သက်လုံး တစ်ကိုယ်တည်း လူပျိုကြီး လုပ်နေမယ်ပေ့ါ ဟုတ်လား"လို့ ကျုပ်က နောက်လိုက်တော့ သူက မရယ်မပြုံးနဲ့ ပြန်ဖြေတယ်။

"ကျွန်တော့်အတွက်ကတော့ သမီးပြီးရင် ကျွန်တော့်စကားကို တစ်သဝေမတိမ်း နားထောင်လိုက်နာတဲ့ စံပေါ်ရယ်၊ ကျွန်တော့်အပေါ် သစ္စာစောင့်သိတဲ့ ရန်လုံ့ရယ်ရှိရင် လုံလောက်နေပါပြီ။ I don't need much ကိုကျော်ခေါင်"တဲ့။

စံပေါ်ဆိုတာက ကိုထွန်းအောင်ဖုံရဲ့ မင်းစေ (peon) တစ်ယောက်ပါ။ အခုခေတ်အခေါ်ကတော့ ရုံးအကူပေ့ါ။ ဟိုခေတ်တုန်းကတော့ ရုံးကိစ္စကော အိမ်ကိစ္စပါ အထွေထွေခိုင်းတဲ့သူပါ။

ကိုထွန်းအောင်ဖုံက နယ်ပိုင်ဝန်ထောက်ဖြစ်လို့ သူ့အိမ်မှာ စံပေါ်အပြင် ထမင်းချက်တစ်ယောက်၊ ဒရိုင်ဘာတစ်ယောက်၊ မာလီတစ်ယောက်ရတယ်။ တပည့်တွေအားလုံးထဲမှာ ကိုထွန်းအောင်ဖုံက စံပေါ်ကို သဘောအကျဆုံးပဲ။ ဘယ်လောက်တောင် သဘောကျလဲဆိုရင် ယင်းမာပင်မှာ တာဝန်ကုန်ဆုံးလို့ တခြားမြို့နယ်တွေ ပြောင်းရတဲ့အခါ ဘယ်ပြောင်းပြောင်း စံပေါ်ကိုအပါခေါ်သွားတဲ့ထိပါပဲ။ ကိုထွန်းအောင်ဖုံသဘောကျမဲ့သာကျတယ်။ တကယ်တော့ စံပေါက ငတုံး။ အအူဆုံး၊ အ အဆုံးတပည့်။ သူ အူပုံ၊ အပုံတွေက ကျုပ်တို့အသိုင်းအဝိုင်းမှာ ပြောမဆုံးတဲ့ ဟာသတွေလေ။ ကိုထွန်းအောင်ဖုံ ယင်းမာပင်ကို ရောက်စတုန်းကပေ့ါ။ တပည့်ကျော် စံပေါ်ကို လက်တောင်းကြီးရွာ စာအပို့ခိုင်းလိုက်တယ်။ လယ်ရှင်နဲ့လယ်ငှားဖြစ်ကြတဲ့ အမှုအတွက် ရုံးချိန်းစာ။ အမြန်ရောက်စေချင်တယ်။ သူကြီးလက်ထဲ သေသေချာချာထည့်ခဲ့ဖို့လဲမှာတယ်။ မြန်အောင် စက်ဘီးယူသွားလို့လဲ ပြောလိုက်တယ်။

အဲဒီလိုမှာကြားပြီး ကိုထွန်းအောင်ဖုံက သူ့အမှုဖိုင်တွဲတွေနဲ့သူ အလုပ်ရှုပ်နေတယ်။ နယ်ပိုင်ဝန်ထောက်ဆိုတော့ မြို့နယ်မှာ နယ်ပိုင်ရာဇဝတ်တရားသူကြီးအနေနဲ့ တရားစီရင်တဲ့ တာဝန်လဲ ယူရတာကိုး။

လက်တောင်းကြီးရွာက ယင်းမာပင်နဲ့ မဝေးပါဘူး။ လမ်းလျှောက်သွားရင် ယောကျ်ားခြေလှမ်းနဲ့ဆို အသွားနာရီဝက်၊ အပြန်နာရီဝက်၊ အသွားအပြန် တစ်နာရီပဲကြာတယ်။ စက်ဘီးစီးသွားရင် အသွား ၁၅ မိနစ်၊ အပြန် ၁၅ မိနစ်၊ အသွားအပြန် အလွန်ဆုံးကြာ နာရီဝက်ပေ့ါ။ ဒါပေမဲ့ စံပေါ်ကို မနက် ၈ နာရီကတည်းက လွှတ်လိုက်တာ ၈ နာရီခွဲလဲ ပြန်မလာ၊ ၉ နာရီလဲ ပြန်မလာ၊ ၉ နာရီခွဲလဲ ပြန်မလာ၊ ၁၀ နာရီလဲ ပြန်မရောက်။ ကိုထွန်းအောင်ဖုံ တော်တော်စိတ်မောနေပြီ။ ဒေါသတောင် နည်းနည်းထွက်စပြုနေပြီ။ စံပေါ်ပြန်လာရင် "ကနီ" ဘက်ကို ဆက်ခိုင်းစရာ အရေးတကြီးကိစ္စကလဲ ရှိသေးတာကိုး။ ၁၁ နာရီထိုးခါနီးမှ တပည့်ကျော် စံပေါ်မောကြီးပန်းကြီးနဲ့ ပြန်ရောက်လာတယ်။ တစ်ကိုယ်လုံးလဲ ချွေးတွေရွှဲလို့။ ကိုထွန်းအောင်ဖုံရှေ့ ရိုရိုကျိုးကျိုးလေးရပ်ပြီး သတင်းပို့တယ်။

"စာပို့ခဲ့ပါပြီ ဝန်ထောက်မင်း၊ သူကြီးလက်ထဲ သေချာကို ထည့်ခဲ့ပါတယ် ဝန်ထောက်မင်း"

ကိုထွန်းအောင်ဖုံက သူ့တပည့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး–

"အင်း... ဒီလောက်ကြာရတဲ့ အကြောင်းကိုလဲ ရှင်းစမ်းပါအုံး"

"ကြာရတာကတော့ ဘုန်းကြီးတရားက လည်နေပြီး တော်တော်နဲ့ ချမရလို့ပါ ဝန်ထောက်မင်း"

"ဘာ... ဘယ်လို"

"ဟောတာကတော့ မဟော်သဓာဇာတ်ထုပ်ပါ။ ဝိဒေဟရာဇ်မင်းကြီး မေးတဲ့ပုစ္ဆာ အခန်းရောက်တော့ ဘုန်းကြီးလဲ သူ့ဘာသာ တလည်လည်နဲ့ ဘယ်လိုမှကို တရားကချမရဘူးဖြစ်နေလို့ပါ ဝန်ထောက်မင်း"

"ဟေ့ကောင် စံပေါ် ငါက မင်းကို သူကြီးဆီလွှတ်တာ။ မင်းက ဘာကိစ္စ ဘုန်းကြီးကျောင်းရောက်သွားရတာလဲ"

"ကျွန်တော် သူကြီးဆီသွားတာပဲ ဝန်ထောက်မင်း။ ဒါပေမဲ့ သူကြီးက အိမ်မှာမရှိဘူး။ ဘုန်းကြီးကျောင်းသွား သီလယူတယ်ပြောလို့ လိုက်သွားတော့ သူကြီးက တရားနာနေပြီ။ အဲဒါ သူတရားနာတာပြီးအောင် စောင့်ပြီးမှ စာကို သူ့လက်ထဲထည့်ရလို့ပါ ဝန်ထောက်မင်း"

ကိုထွန်းအောင်ဖုံမျက်နှာက ပြုံးချင်ချင် ဖြစ်သွားတယ်။

"ပြီးတော့လဲ ဒီစက်ဘီးကြီးက တစ်ဖက်ဆိုတော့ သိပ်ခရီးမတွင်ဘူး ဝန်ထောက်မင်း"

"ဘာကွ၊ ခရီးမတွင်ဘူး ဟုတ်လား"

"ဟုတ်တယ် ဝန်ထောက်မင်းရဲ့၊ တစ်လမ်းလုံး တွန်းသွားရတာဆိုတော့ လွတ်လွတ်လပ်လပ် လမ်းလျှောက်သွားရတာလောက် ဘယ်ခရီးတွင်ပါ့မလဲ။ တချို့ကန်သင်းရိုးပေါ်ရောက်ရင် နေရာကကျဉ်းတော့ သူ့ထမ်းနေရတာနဲ့ပဲ..."

"နေပါအုံး စံပေါ်ရ၊ ဘာကိစ္စ တွန်းသွားရတာလဲ၊ ဘာကိစ္စထမ်းသွားရတာလဲ၊ ဘာဖြစ်လို့ စီးမသွားတာလဲ"

"ကျွန်တော်မှ စက်ဘီးမစီးတတ်တာ ဝန်ထောက်မင်း"

"သေဟ... ဒါဆို ဘာလို့စက်ဘီးက ယူသွားသေးလဲ"

"နို့...ဝန်ထောက်မင်းပဲ ယူသွားဆို"

အဲဒီတုန်းက ကိုထွန်းအောင်ဖုံတစ်ယောက် စံပေါ်ကို စိတ်မဆိုးတဲ့အပြင် သဘောကျလွန်းလို့ ရယ်လိုက်တာ အူတက်မတတ်ပဲ။

စံပေါ် အူတာ၊ အတာတွေ ရှိသေးတယ်။

ကိုထွန်းအောင်ဖုံရဲ့ မာလီက မမာဘူး။ ပန်းနာရင်ကျပ်ရှိတယ်။ နောက်တော့ တီဘီရောဂါဆိုတာ သိတော့ သူ့ကိုခွင့်ရက်ရှည်ပေးပြီး နားခိုင်းထားတယ်။ ဒီကြားထဲ ကိုထွန်းအောင်ဖုံ မာလီအသစ်မခေါ်ဘူး။ စံပေါ်ကိုပဲ ပန်းပင်တွေကို ရေလောင်းခိုင်းတယ်။ အထူးသဖြင့် မာလီကို ကျကျနန စိုက်ခိုင်းထားတဲ့ စံပယ်ခင်း။ သမီးကစ်တီက စံပယ်ပန်းကြိုက်တယ်ပြောလို့ အဖေကိုယ်တိုင် မျိုးကောင်းစံပယ်အိုးပုတ်တွေရှာလာပြီး စိုက်ခိုင်းထားတာ။

"စံပေါ် မင်းမအားလို့ တခြားအပင်တွေ ရေမလောင်းဘဲ နေချင်နေ၊ ဒီစံပယ်ခင်းကိုတော့ မင်းရေမလောင်းလို့ မရဘူး။ နေ့တိုင်း ညနေ ၆ နာရီဆိုရင် ဒီစံပယ်ခင်း ရေလောင်းပြီးသား ဖြစ်ရမယ်။ သဘောပေါက်တယ်နော်"

ကိုထွန်းအောင်ဖုံက အဲဒီလို ခိုင်းထားတဲ့အတွက် စံပေါက ညနေ ၅ နာရီခွဲကျော်ကျော်လောက် ရောက်ပြီဆိုရင် မိုးရွာရွာ၊ နေပူပူ ရေပန်းကရားကြီးနဲ့ ရေလောင်းတော့တာပဲ။

ဝါးခမောက်ကြီးဆောင်းပြီး မိုးရွာထဲ ပန်းပင်ရေလောင်းတတ်တဲ့စံပေါ်ကို ကျုပ်တို့အိမ်ဘက်ကနေလှမ်းကြည့်ပြီး ရယ်ရတာက ခဏခဏ။

အဲဒီအကြောင်းတွေကို ကျုပ်တို့က ပြောပြောပြီး ရယ်ရင် ကိုထွန်းအောင်ဖုံက မကြိုက်ဘူး။ မခံချင်ဘူး။

"ကျွန်တော် လိုချင်တာက ဒီလိုတပည့်မျိုးပဲကိုကျော်ခေါင်၊ ခိုင်းရင်ခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်တဲ့တပည့်။ စောဒကမတက်တဲ့ တပည့်။ ကျွန်တော်က စက်ဘီးယူသွားဆို ယူသွားတယ်။ ကျွန်တော်က နေ့တိုင်း ပန်းပင်ရေလောင်းဆို လောင်းတယ်။ တပည့်ကောင်းဆိုတာ အဲဒါပဲ။ ဆရာက ဒါဆို ဒါပဲ။ ဟုတ်ကဲ့ ဆရာပဲ ဖြစ်ရမယ်။ အင်း... အဲ... ဟို... ဒါကတော့ ဒီလိုရှိပါတယ် ဆရာရယ်တွေ ဘာတွေ အတွန့်တက်နေရင် အဲဒါ တပည့်ကောင်း မဟုတ်တော့ဘူး"

ကဲ. . . ကြည့်။ ကိုထွန်းအောင်ဖုံက တစ်ခါ တစ်ခါ အဲဒီလို တစ်ယူသန်။

ယင်းမာပင်မှာ အဲဒီနှစ်က ဆောင်းတာရှည်တယ်။ တော်တော်နဲ့ အအေးမလျော့ဘူး။

ကျောင်းတွေမှာ အတန်းတင်စာမေးပွဲကြီးနီးလို့ သူ့သမီး ရေးလိုက်တဲ့စာကို ရပြီးကတည်းက ကိုထွန်းအောင်ဖုံ တော်တော်ပျော်နေတယ်။ ကျောင်းပိတ်ရက်အတွင်း သူ့သမီးနဲ့ အတူတူနေရတော့မှာကိုး။ သူ့သမီးက ကျောင်းယူနီဖောင်း ကျူးနစ်လေးနဲ့ သူငယ်ချင်းလေးယောက်တွဲရိုက်ထားတဲ့ ဓာတ်ပုံကိုလဲစာနဲ့အတူ ထည့်ပေးလိုက်တော့ ဓာတ်ပုံကြည့်ပြီး ကိုထွန်းအောင်ဖုံ တပြုံးပြုံး ဖြစ်နေတယ်။

"သမီးက ၁၁ နှစ်ပဲ ရှိသေးတယ်။ အရပ်က တော်တော်မြင့်နေပြီ။ ကြည့်ပါလား။ သူတို့သူငယ်ချင်းတွေထဲမှာ သူအမြင့်ဆုံး။ သမီးက သူ့အမေနဲ့ အကုန်တူတယ်။ ဂျိုဇဖင်းက အရပ်ငါးပေ ငါးလက်မခွဲရှိတာဆိုတော့ ကျွန်တော်နဲ့လမ်းထွက်ရင် သူ့ကို ဘယ်တော့မှ ဒေါက်ဖိနပ်ပေးမစီးဘူး။ အဲဒါ ယောကျ်ားတွေရဲ့ အတ္တလို့ ပြောရမလားပဲ"လို့ဆိုရင်း လွမ်းလွမ်းဆွတ်ဆွတ်လေး ရယ်နေပြန်တယ်။

**ဆက်လက်ဖော်ပြပါမည်။**

# စိတ်ဖိစီးမှုကြောင့်ဖြစ်သော အသားအရေပျက်စီးခြင်း

စိတ်ဖိစီးနေသည့်အချိန်ဆိုလျှင် မည်သည့်အကြောင်းအရာကိုမျှ မပြောချင်ပေ။ မိမိမျက်နှာကိုပင် ကြည့်ချင်စိတ်မရှိသည့်အတွက် မှန်လည်းသေချာကြည့်ဖြစ်မည်မဟုတ်။ စိတ်ဖိစီးမှုများလာသောအခါ လူခန္ဓာကိုယ်တွင် ထင်သာမြင်သာသည့်အသားအရေပြောင်းလဲမှုလက္ခဏာများကို တွေ့ရှိရတတ်သည်။

**စိတ်ဖိစီးမှုဖြစ်လျှင် အသားအရေစိုပြည်ပြည်မရှိ**

စိတ်ဖိစီးမှုဖြစ်လျှင် အသားများမည်းလာသကဲ့သို့ မွဲခြောက်ခြောက်နှင့် အရောင်ညစ်ညမ်းခြင်းဖြစ်စေသည်။

**အရေးအကြောင်း**

စိတ်ဖိစီးမှုကြောင့်ဖြစ်လာသော ကော်တီစုန်း (Cortisone) ဟော်မုန်းမြင့်တက်လာမှုကြောင့် အသားအရေမှာ အရေးကြောင်းများဖြစ်လာနိုင်သည်။ စိတ်ဖိစီးမှုနှင့် အသားအရေကျန်းမာရေး က ဆက်နွှယ်နေကြောင်း အရင်ကတည်းကသိထားကြသည်။ အစားအသောက်နှင့် အသားအရေထိန်းပစ္စည်းများကြောင့် သက်ရောက်မှုရှိနိုင်သေးသည်ဆိုသော်လည်း စိတ်ဖိစီးမှုကပင် တရားခံဖြစ်နေနိုင်ခြင်းကိုမမေ့သင့်။ စိတ်ပင်ပန်းနေသော် ရုပ်ရင့်စေပြီး အရေးအကြောင်းများဖြစ်စေသည်။

**ရောင်ရမ်းခြင်း၊ ယားခြင်း၊ စပ်ခြင်း**

ရေယုန်၊ ယားနာ၊ ဆိုရီရေးစစ် (Psoriasis) စသည့်ပြဿနာများက အရေပြားရောင်းရမ်းမှုကြောင့် ဖြစ်လာသည်။ သို့သော် လေ့လာမှုအရ ဦးနှောက်က အလွန်ပင်ပန်းနေပြီး စိတ်ဖိစီးနေသော်၊ အသားအရေကာကွယ်နိုင်စွမ်းကို ယိုယွင်းစေနိုင်သည်။

စိတ်ဖိစီးမှုကြောင့် အသားအရေကို ပုံမှန်ထိန်းညှိထားနိုင်စွမ်းနည်းလာနိုင်သည်။ စိတ်ဖိစီးမှုကြောင့် အိပ်ရေးပျက်ပြီး လူမှုရေးနှင့် ပေါင်းသင်းဆက်ဆံရေးတွင် အဆင်မပြေဖြစ်ကာ ဝက်ခြံထွက်လာသည်ကို ကြုံဖူးကြပါလိမ့်မည်။

**ဦးရေပြားယားယံခြင်း၊ ဆံပင်ကျွတ်ခြင်း**

စိတ်ဖိစီးမှုကြောင့် ဦးရေပြားယားယံလာခြင်း၊ ဆံပင်ကျွတ်ခြင်းသည်ကား အဖြစ်များသည့်ပြဿနာဖြစ်သည်။ အရေပြားတွင် အဆီများပြန်ပြီး အဖက်ကွာခြင်းများဖြစ်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ လက်သည်းပွဲခြင်းက အစားမှန်မှန်မစားခြင်းမှ အာဟာရဓာတ်မလုံလောက်ခြင်းကြောင့် ဖြစ်စေသည်။ အရင်းခံက စိတ်ဖိစီးမှုက စတင်သည်။ ထိုအချိန်အရေပြားနှင့် ဦးရေပြားကို ထပ်မံမထိခိုက်ရစေရန် ရေနွေးနှင့် ရေမချိုးသင့်ပေ။ စိတ်ညစ်တိုင်း စိတ်ဖိစီးမခံဘဲ ကိုယ်လက်လှုပ်ရှားမှုပုံမှန်လုပ်ပြီး အသီးအနှံနှင့် ဟင်းသီးဟင်းရွက် ညီညွတ်မျှတစွာ စားသုံးခြင်းက အကောင်းဆုံးသောနည်းဖြစ်သည်။

**အရေပြားပါးပြီးထိခိုက်လွယ်ခြင်း**

ကော်တီစုန်း (Cortisone) ပမာဏပုံမှန်မဟုတ်ဘဲ မြင့်တက်လာ ပါက အရေပြားကပါးလာတတ်သည်။ ကော်တီစုန်း ဟော်မုန်းကြောင့် အသားအရေကို ပါးလာစေနိုင်သည့်အပြင် ပေါက်ပြဲလွယ်စေနိုင်သည်။

**အနာကျက်နှေးခြင်း**

စိတ်ဖိစီးမှုအလွန်များလာသည့်အခါ အရေပြားအပေါ်ယံအလွှာက မြန်မြန်ဆန်ဆန် အားနည်းလာကာ အရေပြားပိုးဝင်ခြင်းနှင့် ပတ်ဝန်းကျင်က



ရောဂါပိုးများ ကပ်ငြိနိုင်ခြေပိုများသည်။ အဆိုပါအခြေအနေတွေသည် အနာကျက်ရန်၊ အမာရွတ်ပျောက်ရန်၊ ဝက်ခြံပျောက်ရန်နှေးစေသည်။

**စိတ်ဖိစီးမှုကိုရပ်တန့်ရန်**

စိတ်ဖိစီးမှုက လူတိုင်းလိုလို ဖြစ်ဖူးသော်လည်း တစ်ယောက်နဲ့တစ်ယောက် စိတ်ပင်ပန်းရသည့် အတိုင်းအတာနဲ့ အခြေအနေမတူကြပါ။ မိမိအကြောင်းသာ သိကြခြင်းဖြစ်၍ ကြိတ်မှိတ်ခံစားမည့်အစား စိတ်ဖိစီးမှုကို ပြေလျော့သည့်နည်းလမ်းကိုရှာခြင်းက အကောင်းဆုံးပင်ဖြစ်သည်။

**စိတ်ဖြေနည်းများရှိသည်**

အချိန်အနည်းငယ်ပေးရသည့် စိတ်တည်ငြိမ်နည်းများ လုပ်ကြည့်သင့်သည်။ ဥပမာ- တရားထိုင်ခြင်း၊ ယောဂကစားခြင်းတို့ဖြစ်သည်။ ပြုပြင်စီမံထားသောအစားအစာများကို ရှောင်သင့်သည်။ ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို တည်ဆောက်နိုင်ရန်၊ အိမ်တွင် ကိုယ်တိုင်လုပ်ဖျော်ရည် အသီးစိမ်ရေ (Detox Water) များ သောက်သင့်သည်။ ခေါင်းလည်းကြည်လင်စေသည်။

စိတ်ဖိစီးမှုများသည့်အခါ ကော်တီစုန်းဟော်မုန်းများနှင့် အခြားဟော်မုန်းများ အထွက်များလာပြီး အရေပြားတွင်ရှိသည့် အဆီဂလင်းများကို လှုံ့ဆော်သောကြောင့် အဆီများပိုထွက်လာသည်။ အဆီထွက်များလာသည်က ဝက်ခြံနှင့် အသားအရေဆိုင်ရာပြဿနာများဖြစ်စေနိုင်သည်။ စိတ်ဖိစီးမှုများသည့်အခါ အရေပြားအပေါ် အောက်ပါအတိုင်း သက်ရောက်နိုင်ပါသည်။

အရေပြားရောဂါများခံစားရသည်။ စိတ်ဖိစီးမှုများစွာ ဆိုရီရေးစစ် (Psoriasis)၊ နှင်းခူ (Eczema)၊ အရေပြားပေါ်တွင် အနီးစက်ဖြစ်ခြင်းစသည့်အရေပြားပြဿနာများ ဖြစ်ပွားတတ်သည်။

အရေပြားသန့်စင်မှုများပြုလုပ်ရန် ပျက်ကွက်သောကြောင့်ဖြစ်သည်။ စိတ်ဖိစီးမှုများသည့်အခါ အလှပြင်ချင်စိတ်မရှိသကဲ့သို့ အချိန်မပေးချင်ဖြစ်လာသည်။ စိတ်ဖိစီးမှုများသောကြောင့် အသားအရေထိခိုက်ခြင်းရှိသည့်အပြင် အရေပြားသန့်ရှင်းရေးလုပ်ရန်လည်းအချိန်မပေးသောကြောင့် မိမိအသားအရေပျက်စီးတတ်သည်။ စိတ်ဖိစီးမှုကြောင့် အရေပြားထိခိုက်မှုမရှိစေရန် အကောင်းဆုံးနည်းလမ်းက စိတ်ဖိစီးမှုကို လျှော့ချရန်လိုအပ်သည်။ အရေပြားထိန်းသိမ်းမှုကို လျစ်လျူမရှုသင့်ပါ။ စိတ်ဖိစီးမှုများနေသည်ဆိုပြီး အသားအရေထိန်းသိမ်းမှုများ မလုပ်ဘဲမနေသင့်ပါ။ လေ့ကျင့်ခန်းပုံမှန်လုပ်သင့်သည်။ လေ့ကျင့်ခန်းပုံမှန်လုပ်သည်က စိတ်ဖိစီးမှုကို လျော့နည်းစေသည့်အပြင် သွေးလှည့်ပတ်မှုကောင်းမွန်သောကြောင့် အသားအရေအတွက်လည်း အထောက်အကူပြုသည်။

ခဏအနားယူသင့်သည်။ စိတ်ဖိစီးမှုများနှင့် စိတ်ရှုပ်ထွေးမှုများကြောင့် ထိုင်၍ စိတ်ညစ်နေခြင်းမျိုးက အကျိုးမရှိနိုင်ပါ။ ၎င်းတို့နှင့်ဝေးရာတွင် ခဏမျှအနားယူရန်လိုအပ်သည်။ အလုပ်များလွန်းသဖြင့် မကြာခဏအနားယူရန် အချိန်မပေးနိုင်ဘူးဆိုလျှင် စိတ်ဝင်စားစရာစာအုပ်ကို ၁၀ မိနစ်မျှ အချိန်ပေး၍ ဖတ်လိုက်သည်က စိတ်ဖိစီးမှုကို လျှော့ချရာရောက်ပါသည်။

လမ်းထလျှောက်သင့်သည်။ အလုပ်များပြီး စိတ်ဖိစီးမှုများနေခဲ့သော မိမိအိမ်ပြန်သည့်အချိန်တွင် အိမ်နား၌ ခဏမျှလမ်းလျှောက်ပြီးမှသာ အိမ်သို့ဝင်သင့်သည်။

စိတ်ဖိစီးမှုလျှော့ချနိုင်သည့် နည်းလမ်းများကို အသုံးပြုခြင်း။ စိတ်ဖိစီးမှုများနှင့် ထိုင်ငိုမနေသင့်ပါ။ ရေချိုးခြင်း၊ အသက်ရှူလေ့ကျင့်ခန်းလုပ်ခြင်း၊ ယောဂကျင့်ခြင်း၊ တရားထိုင်ခြင်းမျိုး ပြုလုပ်ပေးသည်က စိတ်ဖိစီးမှုကိုလျှော့ချပေးနိုင်သည့် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ အလုပ်အားလုံးလက်ခံကာလုပ်နိုင်သည်ဆိုပြီး လုပ်ရန်မကြိုးစားသင့်ပါ။ အလုပ်များသောကြောင့် စိတ်ဖိစီးမှု ပိုဖြစ်တတ်သည်။ အချို့အလုပ်များကို လုပ်နိုင်သူများထံခွဲဝေလုပ်ကိုင်ခိုင်းသင့်သည်။ ရင်ဖွင့်ပြောဆိုသင့်သည်။ မိဘ၊ ခင်မင်ရသောမိတ်ဆွေ၊ ချစ်သူကို မိမိ၏ အခက်အခဲများ ရင်ဖွင့်ပြောဆိုလိုက်ခြင်းက စိတ်ဖိစီးမှုကိုလျော့သွားစေပြီး အားပေးနှစ်သိမ့်မှုများကြောင့် အားအင်သစ်များရရှိစေသည်။

လူသည် စိတ်ဖိစီးမှုများလျှင် အသားအရေပျက်စီးတတ်သည်။ ထို့ကြောင့် အတတ်နိုင်ဆုံး စိတ်ဖိစီးမှုလျှော့ချခြင်းဖြင့် အသားအရေပျက်စီးမှုကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ဒေါက်တာလွင်သန့်**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၃၇ ဧက စိုက်ပျိုးမည်

**အရာတော် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၃၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ နေကြာများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နေကြာ ၂၇၃၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၂၃၇၄၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၂၃၇၄၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၉၀၂၄ ဧက၊ ဖူးစားပြောင်း ၄၇၂၅ ဧက စုစုပေါင်း ၂၃၇၄၉ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း စုစုပေါင်း ၂၃၇၄၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်အောင်၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးသွားမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပြောင်းသီးနှံများ စိုက်ပျိုးရာတွင် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် သမန်းကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဆင်ပေါင်ဝဲ မေ ၂၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမန်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သမန်းကြီးကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း၂၁၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မေလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေတော့မည် ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

**ငြိမ်းသူ(စလင်း)**



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၅၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော




PURE ARABICA COFFEE

ပြင်ဦးလွင် **နန်းမြိုင်ကော်ဖီ** နှင့် **Mount Pleasant Coffee**

ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## "ဗုဒ္ဓရောင်ဝါ နေသို့ လင်းပြီး အရှည်တည်တံ့ပါစေသော်..."

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု) ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းသည် တောင်တန်းနှင့် ကမ်းရိုးတန်းဒေသရှိ ကျောင်းပေါင်း ၁၂၆၃ ကျောင်း(ချင်းပြည်နယ်တောင်ပိုင်း+မြောက်ပိုင်း+ရှမ်းပြည်နယ်မြောက်ပိုင်း ၅၁၇ ကျောင်းမပါ)အား မြန်မာတစ်နိုင်ငံလုံးမှ စေတနာသဒ္ဒါစိတ်ဖြင့် အလှူရှင်များကိုယ်စား ၂၂ နှစ်ကျော် လှူဒါန်းခဲ့ကြပါသည်။ ယခုအခါ ၁၃၈၇ ခုနှစ် ဝါဆိုကြမည့် သံဃာတော်အရှင်သူမြတ်တို့အား ကျောင်းအလိုက် ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်းဆန်များ လောင်းလှူကြမည်ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| (က) | ဝါဆိုတော်မူကြမည့် သံဃာတော်များ ဝါဆိုသင်္ကန်း တစ်ထည် | - | ၅၀၀၀ဝိ/- | (ကျပ်ငါးသောင်းတိတိ) |
| (ခ) | ဝါတွင်း(၃)လအတွက် ချက်၊ ပြုတ် ဆွမ်းဘုဉ်းပေးရန် ဆန် ၂၄ ပြည်တစ်အိတ် | - | ၈၀၀၀ဝိ/- | (ကျပ်ရှစ်သောင်းတိတိ) |

**လှူဒါန်းရန်ဌာန * * *** ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဦးလှဝင်း၊ ၆၂ လမ်း၊ ၃၂-၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၄၄၂၀၇၄၄၆၆။

## မဟာမုနိဘုရားကြီးဂေါပကအဖွဲ့၊ မန္တလေး တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ်(၂/၂၀၂၆-၂၀၂၇)အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား | - | ၂" X ၂" (၂လက်မပတ်လည်) |
| (ခ) | ၁၀၀ ရွက်ပါ ရွှေဆိုင်း (၁)ဆိုင်း ပေးချေမည့်နှုန်းထား | - | ၃၅၅၀၀ဝိ/- |
| (ဂ) | ဝယ်ယူမည့်ရွှေဆိုင်းအရေအတွက် | - | အဆိုင်း ၁၀၀၀၀ |
| (ဃ) | တင်သွင်းရမည့် အာမခံကြေးငွေ | - | ကျပ်သိန်း ၁၇၀ |
| (င) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်(ပိတ်ရက်မရှိ) | - | ၃၀-၅-၂၀၂၆ |
| (စ) | တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်နေ့ရက်/အချိန် | - | ၆-၆-၂၀၂၆ (၁၆:၃၀)နာရီ |
| (ဆ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် | - | ၇-၆-၂၀၂၆ (၁၆:၃၀)နာရီ |
| (ဇ) | လျှောက်လွှာ(၁)စောင်ဈေးနှုန်း | - | ကျပ် ၃၀၀၀၀ |

၂။ တင်ဒါပုံစံဝယ်ယူခြင်းကို တင်သွင်းမည့်သူကိုယ်တိုင် မှတ်ပုံတင်မူရင်းနှင့်တကွ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း ၀၉-၇၉၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ညညာ-၂၀ နေ ဒေါ်ခင်ဆွေဝင်း (ဘ) ဦးကျော်သန်း (၉/မနတ(နိုင်)၀၈၇၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၆၆၀၄၀၉၃

## ပျောက်ဆုံးကြောင်း

သပိတ်ကျင်းမြို့နယ် ချောင်းကြီးရွာနေ မခိုင်သဇင်မြင့် (ဘ) ဦးမြင့်လှိုင် ၉/သပက(နိုင်)၀၇၅၉၃၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် MC 759214 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၂၅၉၀၆၄။

## ဖခင်အမည်မှန်

အမရပူရမြို့နယ် တမုတ်ဆိုးအခြေခံပညာအထက်တန်းကျောင်းမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Grade-9 (န၀မတန်း) အောင်မြင်သူ ကျွန်မ မလဝန်းအိမ်(၉/အမရ(နိုင်)၂၁၀၃၂၃)၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်း အရလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်အရလည်းကောင်း ဦးအောင်လှိုင်မျိုး ဖြစ်ပါသည်။

ဦးအောင်လှိုင်မျိုး
(၉/အမရ(နိုင်)၁၀၈၃၆၁)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာအုပ်စု ကျောက်မိုင်းကျေးရွာမှ မချယ်ရီဦး၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်းဦး ၉/စကတ(နိုင်)၁၄၈၈၀၆ ဖြစ်ပါကြောင်း။

ဦးနိုင်လင်းဦး
၉/စကတ(နိုင်)၁၄၈၈၀၆

**အဖိုးတန်ရေချိုကို ချွေတာပါ**

**အိမ်ပြင်ပဥ္စ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

- နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ်လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

| (၁) | (၂) | (၃) |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | ညွှန်ကြားရေးမှူးချုပ် | ညွှန်ကြားရေးမှူးချုပ် |
| ပြည်ထောင်စုလွှတ်တော်ရုံး | ပြည်သူ့လွှတ်တော်ရုံး | အမျိုးသားလွှတ်တော်ရုံး |
| နေပြည်တော် | နေပြည်တော် | နေပြည်တော် |

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုဆက်လက်ဆောင်ရွက်



နေပြည်တော် မေ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်ထိ စနေ၊ တနင်္ဂနွေ အပါအဝင် ပိတ်ရက်မရှိသတ်မှတ်၍ မြန်မာ

**မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံမှုလက်ခံခြင်းများ ဆောင်ရွက်စဉ်။**

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှု လက်ခံခြင်းများကို မေ ၂၅ရက် နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆက်လက်အပ်နှံ ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများ၊ ဆရာ၊ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် **စာမျက်နှာ ၂၁ ကော်လံ ၁** ☆

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကရင်ပြည်နယ်၊မွန်ပြည်နယ်တို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို မော်တော်ယာဉ်များဖြင့် ချင်းပြည်နယ် ဖလမ်းမြို့သို့ ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၂၆

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်ကာ **စာမျက်နှာ ၂၂ ကော်လံ ၃** ❑



**ချင်းပြည်နယ် ဖလမ်းမြို့သို့ ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းပေးစဉ်။**

## ပြည်သူ့ဘဝလုံခြုံရေးကို အာမခံမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေသစ်

ဆောင်းပါး စာမျက်နှာ - ၁၀





ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇